ဗြဟ္မစိုရ်တရားတော်ကြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်

အသံလွှင့်ဌာနမှ

ကျေးဇူးတော်ရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

အသံလွှင့်ဟောကြားတော်မူသော

# ဗြဟ္မစိုရ်တရားတော်ကြီး

သာသနာ-၂၅၃၇ ကောဇာ-၁၃၅၅ ခရစ်-၁၉၉၃

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏

ဘာသာရေးဆိုင်ရာစာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ်( ၄ /၉၃)( ၉ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ်( ၅၇/၉၃)( ၉ )

စတုတ္ထအကြိမ်

အုပ်ရေ-၅၀၀၀

၁၉၉၃ - ခုနှစ်၊ စက်တင်ဘာလ

တန်ဖိုး - ၉ ကျပ်

ထုတ်ဝေသူ ဦးလေးမောင် (၀၂၄၈) ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာ၊ အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

စာစီ တိုက်ဂါးကွန်ပျူတာ

အဖုံးရိုက် တိုက်ဂါးအော့ဖ်စက်

ပုံနှိပ်သူ ဦးလှချို (၀၄၈၂၉) တိုက်ဂါးအော့ဖ်စက်၊ ဖုံး ၅၁၈၃၅၊ အမှတ် (၁၅) သုဒဿနလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။ ရန်ကုန်မြို့။

# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဗြဟ္မစိုရ်တရားတော်ကြီး ပထမပိုင်း | ၁ |
| ၂။ | ဗြဟ္မစိုရ်တရားတော်ကြီး ဒုတိယပိုင်း | ၁၂ |
| ၃။ | ဗြဟ္မစိုရ်တရားတော်ကြီး တတိယပိုင်း | ၂၂ |
| ၄။ | ဗြဟ္မစိုရ်တရားတော်ကြီး စတုတ္ထပိုင်း | ၃၄ |


စတုတ္ထအကြိမ်

ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ

နိုင်ငံတော်ဩဝါဒါစရိယ၊ ကမ္ဘာ့သာသနာပြု

# ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး



## သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါ

၂၉-၇-၁၉၀၄ သောကြာနေ့တွင် ဖွားသန့်စင်သည်။

၁၀ ၈ ၁၈ စနေနေ့ နတ်ကမ္ဘာရပ် ချုပ်ငြိမ်းတော်မူသည်။

၁၃၂၇–ခု၊ ဝါခေါင်လပြည့်နေ့တွင် မြန်မာနိုင်ငံအသံလွှင့်ဌာနမှ
**ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး**

အသံလွှင့်ဟောကြားတော်မူသော

# ဗြဟ္မစိုရ်တရားတော်ကြီး

## ပထမပိုင်း

ယခု ဘုန်းကြီးဟောမည့် တရားတော်ကတော့ ဗြဟ္မစိုရ်တရားတော်ဖြစ်ပါတယ်၊ ဘုန်းကြီးက များသောအားဖြင့် ဝိပဿနာတရားကိုသာ ဟောကြားလေ့ရှိပါတယ်၊ ဝိပဿနာ ဆိုတာကတော့ လူတိုင်း လူတိုင်းလဲ မကျင့်နိုင်ဘူး၊ ပြီးတော့ ကျင့်တဲ့သူမှာသာ အကျိုးထူးကို ရနိုင်တဲ့အတွက် ပရဟိတနှင့် မဆိုင်သလိုလိုလဲ ဖြစ်နေပါတယ်၊ ဒါကြောင့် ဒီကနေ့တော့ လူတိုင်းလဲကျင့်နိုင်ပြီး ပရဟိတနှင့်လဲဆိုင်တဲ့ ဗြဟ္မစိုရ်တရားကို ဟောဖို့ စီစဉ်ထားပါတယ်။

ဗြဟ္မစိုရ်တရားဆိုတာ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဆိုတဲ့ ဒီတရားလေးပါးပါဘဲ၊ ဒီ ၄–ပါးထဲက မေတ္တာဆိုတာ သူများတွေလဲ ကိုယ်လိုဘဲ ချမ်းသာချင်ကြ ပေလိမ့်မယ်လို့ ကိုယ်ချင်းစာပြီးတော့ သူတစ်ပါးတွေကို ချမ်းသာစေလိုတဲ့ သဘောပါဘဲ၊ ကရုဏာဆိုတာ ကိုယ့်အောက်ကလူတွေ ဒုက္ခရောက်နေရှာကြတဲ့ သူတွေကို

ကိုယ်ချင်းစာ တရားနဲ့ သနားကြင်နာတဲ့သဘောပါဘဲ၊ မုဒိတာဆိုတာ ကိုယ့်အထက်က လူတွေ ကိုယ့်ထက် ပြည့်စုံတဲ့ ချမ်းသာတဲ့ လူတွေကို ချမ်းသာမြဲ ချမ်းသာကြပါစေလို့ ဝမ်းမြောက်ကြည်သာစွာနဲ့ နှလုံးသွင်းနိုင်တဲ့ သဘောပါဘဲ၊ ဥပေက္ခာဆိုတာ သတ္တဝါတွေဟာ ကိုယ်တိုင်ပြုလုပ် ထားတဲ့ အမှုကံအားလျော်စွာ ဖြစ်နေကြရတာဘဲလို့ ဘက်မလိုက်ဘဲ မျှမျှတတနှလုံးသွင်းတဲ့ သဘောပါဘဲ။

ဒီတရား ၄-ပါးကို အဘိဓမ္မာဒေသနာမှာ အပ္ပမညာဆိုတဲ့ အမည်နဲ့ဟောထားပါတယ်၊ အားလုံးသော သတ္တဝါတွေအပေါ်မှာ အကန့်အသတ်မရှိဘဲ ပွားချင်သလောက်ပွားများကောင်းတဲ့တရား၊ ပွားများဖို့ နယ်ပယ်အကန့်အသတ်မရှိတဲ့ တရားလို့ ဆိုလိုပါတယ်၊ သုတ္တန်ဒေသနာတွေမှာတော့ ဒီတရားတွေကို အများအားဖြင့် ဗြဟ္မဝိဟာရလို့ အမည်ပေးထားပါတယ်၊ မြတ်သောနေထိုင်ရေးတရားလို့ ဆိုလိုပါတယ်၊ မဟာဂေါဝိန္ဒသုတ်မှာတော့ ဗြဟ္မစရိယလို့ အမည်ပေးထားပါတယ်၊ ဒါကြောင့် ဗြဟ္မစိုရ်တရားလို့ ခေါ်ဝေါ် ပြောဆိုနေကြပါတယ်၊ အနက်အဓိပ္ပာယ်အားဖြင့်တော့ မြတ်သောအကျင့်လို့ ဆိုလိုပါတယ်။

ဒီဗြဟ္မစိုရ်တရားဟာ လူမျိုးမရွေး ဘာသာမရွေး လူတိုင်း လူတိုင်း ကျင့်သုံးသင့်တဲ့ တရားဖြစ်ပါတယ်၊ စဉ်းစားကြည့်ကြပါ၊ မိမိ၏ အကျိုးကိစ္စ ပြီးမြောက်အောင် စေတနာဝန်ထမ်းသဘောဖြင့် ကူညီ ဆောင်ရွက်ပေးမည်ဆိုလျှင် ဘယ်သူက လက်မခံဘဲ ငြင်းပယ်မှာလဲ၊ ဘယ်သူမှ ငြင်းပယ်မှာ မဟုတ်ပါဘူး၊ အားလုံး ဝမ်းမြောက်ဝမ်းသာနဲ့ လက်ခံကြမှာချည်းပါဘဲ၊ အဲဒါ ဘာသဘော

ထင်သလဲ ချမ်းသာစေလိုတဲ့မေတ္တာကို လူတိုင်းကလက်ခံနိုင်တဲ့အတွက် အဲဒီမေတ္တာကို လူတိုင်း လူတိုင်း ကျင့်သင့်တယ် ဆိုတာ ဖော်ပြနေတဲ့ သဘောပါဘဲ၊ လက်တွေ့လဲ စမ်းကြည့်နိုင်ပါတယ်၊ လူတစ်ယောက်ကို ပြုံးရွှင်တဲ့ မျက်နှာနဲ့ကြည့်လျှင် အဲဒီလူကလဲ ပြုံးရွှင်တဲ့မျက်နှာနဲ့ဘဲ ပြန်ပြီးကြည့်ပါလိမ့်မယ်၊ လူတစ်ယောက်ကို ချိုချိုသာသာနဲ့ နှုတ်ဆက်လျှင် အဲဒီလူကလဲ ချိုချိုသာသာနဲ့ဘဲ ပြန်ပြီးနှုတ်ဆက် ပါလိမ့်မယ်၊ လမ်းမသိတဲ့သူကို လမ်းညွှန်ပြလျှင်ဖြစ်စေ၊ မိုးရထား၊ သဘော်ာ စသည်ဖြင့် ခရီးသွားတဲ့အခါဖြစ်စေ နေရာမရတဲ့သူကို မိမိ နေရာထဲက မျှပေးလျှင်ဖြစ်စေ၊ လေးလံတဲ့ ဝန်ထုပ်ဝန်ပိုး သယ်ဆောင် လာတဲ့လူကို ဖေးမကူညီပေးလျှင်ဖြစ်စေ ဒီလိုစေတနာ မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးလျှင် တစ်ဘက်သား ပုဂ္ဂိုလ်က ကျေးဇူးတင်မည့်ပြင် မိမိကိုယ်တိုင်လဲ လူ့ကျင့်ဝတ်တရား ကျေပွန်သည့်အတွက် ဝမ်းမြောက်ဝမ်းသာခြင်း အကျိုးကို ချက်ချင်းဘဲ ရပါလိမ့်မယ်၊ မိမိမှာ အခက်အခဲရှိတဲ့အခါဆို ကူညီမည့်သူများ ပေါ်လာတတ်ပါတယ်၊ ဤနည်းဖြင့် လူတိုင်း လူတိုင်းက လူ့ကျင့်ဝတ်ကိုသိပြီး မေတ္တာတရားနဲ့ အချင်းချင်းတတ်စွမ်းနိုင်သမျှ ကူညီဆောင်ရွက်သွားကြမယ်ဆိုလျှင် လူ့လောကကြီးဟာ အစဉ်ထာဝရ သာသာယာယာနဲ့ ဖြစ်သွားဖို့ ရှိပါတယ်၊ ဒါကြောင့် မေတ္တာတရားကို လူတိုင်းလူတိုင်း ကျင့်သုံးသင့်ကြောင်း ထင်ရှားပါတယ်။

ထို့အတူဘဲ ဆင်းရဲဒုက္ခ ရောက်နေတဲ့လူတွေကို ကရုဏာနဲ့ သနားပြီး ကူညီစောင့်ရှောက်မယ်ဆိုလျှင် ငြင်းပယ်မည့်သူ ရှိပါမည်လား၊ မရှိနိုင်ပါဘူး၊ လက်ခံကြမှာ ချည်းပါဘဲ၊ ပြီးတော့

ရရှိထားတဲ့ စီးပွားဥစ္စာနဲ့ ရာထူးဌာနန္တရ အလုပ်အကိုင်နဲ့ အခြေအရံ ဂုဏ်သိန် ကျက်သရေတွေနဲ့ နိုင်မြဲတည့်တံ့ပြီး ချမ်းသာမြဲ ချမ်းသာ နေအောင် မုဒိတာနဲ့ ဝမ်းမြောက်ကြည်သာစွာ ထောက်ခံအားပေး မည်ဆိုလျှင်ကော ငြင်းပယ်မည့်သူ ရှိပါမည်လား၊ မရှိနိုင်ပါဘူး၊ လက်ခံကြမှာချည်းပါဘဲ၊ ဒါကြောင့် ဒီကရုဏာနဲ့ မုဒိတာကိုလဲ လူတိုင်း လူတိုင်း ကျင့်သုံးသင့်ကြောင်း ထင်ရှားပါတယ်။

ဥပေက္ခာဆိုတာလဲ မေတ္တာ ကရုဏာ မုဒိတာနဲ့ မဆောင်ရွက် နိုင်တဲ့ နေရာမှာ ကျင့်သုံးသင့်တဲ့တရားပါဘဲ၊ ထင်ရှားတဲ့ သာဓကနှင့် ပြရလျှင် လူတစ်ယောက်မှာ ရာဇဝတ်မှု ရောက်နေတယ်ဆိုပါတော့၊ အဲဒီလူကို တတ်နိုင်တဲ့သူက မေတ္တာနဲ့ ကရုဏာနဲ့ အစွမ်းကုန် အကူအညီပေးသင့် ပါတယ်၊ ဒါပေမယ့် ပြစ်မှုထင်ရှားတယ်ဆိုပြီး နောက်ဆုံးအနေနဲ့ အပြစ်ဒဏ်ပေးလိုက်တဲ့ အခါကျတော့ ကူညီနိုင်တဲ့အခွင့်အရေး မရှိ တော့ဘူး၊ အဲဒီလိုအခါမှာ ဒီဥပေက္ခာနဲ့သာ အညီအမျှ နှလုံးသွင်း သင့်တော့တယ်၊ အပြစ်ဒဏ်ခံရတဲ့သူ ဘက်ကလိုက်ပြီး တခြားသူတွေကို အပြစ်တင်မနေသင့်တော့ဘူး၊ သူ့ကံအတိုင်းလို့သာ မျှတစွာ နှလုံးသွင်း သင့်တော့တယ်၊ ယခု လောလောဆယ်မှာ အပြစ်မရှိဘူးလို့ ထင်ပေမယ့် ရှေးက ပြုလုပ်ထားတဲ့ အပြစ်ရှိလို့သာ ခံရတာဘဲလို့ ဒီလိုသာ တရားမျှတစွာ နှလုံးသွင်းသင့်တော့တယ်၊ အဲဒါဟာ ဥပေက္ခာဘဲ၊ ဒါကြောင့် ဥပေက္ခာကိုလဲ အခါအားလျော်စွာ ကျင့်သုံးသင့်ပါတယ်။

ဒီတော့ ဗြဟ္မစိုရ်တရား ၄-ပါးကို လူတိုင်း ကျင့်သုံးသင့်တယ် ဆိုတာကတော့ ထင်ရှားပါပြီ၊ ယခု ကျင့်သုံးပုံကို အကျဉ်းချုပ်

ပြောမယ်၊ ဒါပေမယ့် ဒီကနေ့ကတော့ မေတ္တာတရားလောက်ဘဲ ပြောနိုင်မယ်၊ မေတ္တာဆိုတာ ကာယကံ မေတ္တာ၊ ဝစီကံ မေတ္တာ၊ မနောကံ မေတ္တာလို့ ဒီလို ၃-မျိုးရှိတယ်၊ ခုနကပြောခဲ့တဲ့အတိုင်း ကိုယ်ချင်းစာတရားနဲ့ သူတစ်ပါးအား ချမ်းသာအောင်လို့ သူ့အကျိုးကို ကိုယ်ထိလက်ရောက် ကူညီဆောင်ရွက်ပေးတာဟာ မေတ္တာကာယကံ ပါဘဲ၊ သူများ နားချမ်းသာအောင်ပြောဆိုတာ ချမ်းသာပါစေလို့ ရွတ်ဆိုပြီး မေတ္တာပို့တာ၊ သူ့အကျိုးကိုစွပြီးမြောက်အောင် ညွှန်ကြားတာ၊နှုတ်နဲ့ စီမံဆောင်ရွက်ပေးတာ ဒါတွေဟာ ဝစီကံမေတ္တာပါဘဲ၊ သူတစ်ပါး တွေကို ချမ်းသာကြပါစေလို့ စိတ်သက်သက်နဲ့ နှလုံးသွင်းနေတာဟာ မနောကံမေတ္တာပါဘဲ၊ ဒီမနောကံမေတ္တာကိုတော့ အခါခပ်သိမ်း ပွားများ နိုင်ပါတယ်။

ဒီမနောကံမေတ္တာကို ပွားများတာကလဲ ဈာန်ရအောင် ပွားများတာရယ်၊ ဘေးကင်း ရန်ကင်း ပါရမီဖြစ် ကုသိုလ်ဖြစ် ပွားများတာရယ် ဒီလိုနှစ်မျိုးရှိပါတယ်၊ ဈာန်ရအောင် ပွားများနည်း ကိုတော့ ယခုလိုတိုတောင်းတဲ့ အချိန်ကလေးမှာ ပြည့်စုံအောင် မပြောနိုင်ပါဘူး၊ ဒါကြောင့် ယခု ဘေးကင်း ရန်ကင်း ပါရမီဖြစ် ကုသိုလ်ဖြစ် ပွားများပုံကိုဘဲ ပြောမယ်။

တွေ့မြင်ရသမျှ လူတွေကို အာရုံပြုပြီး "ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ"လို့ ဒီလိုလဲ ပွားများနိုင်ပါတယ်၊ အမိ အဘ ဆရာသမားစသည်ကို အာရုံပြုပြီးတော့ ချမ်းသာကြပါစေ၊ ချမ်းသာ ကြပါစေလို့ ဒီလိုလဲ ပွားများနိုင်ပါတယ်၊ ကိုယ်မေတ္တာ ပို့ချင်တဲ့ လူတွေကို အာရုံပြုပြီးတော့ တို့ အိမ်ကလူတွေ ချမ်းသာကြပါစေ၊

တို့ အရပ်ကလူတွေချမ်းသာကြပါစေ၊ တို့ မြို့က၊ တို့ရွာကလူတွေ ချမ်းသာကြပါစေ စသည်ဖြင့်လည်း ပွားများနိုင်ပါတယ်၊ တစ်ဦး တစ်ယောက်ကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ အာရုံပြုပြီး ဒီလိုတစ်ကြိမ် နှလုံးသွင်းလျှင် ပါရမီကုသိုလ် တစ်ကြိမ်ဖြစ်တယ်၊ ဆယ်ကြိမ်နှလုံး သွင်းလျှင် ဆယ်ကြိမ်ဖြစ်တယ်၊ အကြိမ်တစ်ရာ နှလုံးသွင်းလျှင် အကြိမ်တစ်ရာ ဖြစ်တယ်၊ သွားရင်းလာရင်းလဲ ဒီမေတ္တာကို ပွားများ နိုင်ပါတယ်။

ဒါပေမယ့် အထူးသတိပြုဖို့ကတော့ ချမ်းသာကြပါစေလို့ စိတ်နဲ့သာ မေတ္တာပွားပြီးတော့ သူတစ်ပါးတွေ နားမချမ်းသာအောင်၊ ဆင်းရဲဒုက္ခရောက်အောင် ပြောဆိုပြုလုပ်နေလျှင်တော့ အဲဒါဟာ မေတ္တာအစစ်မဖြစ်ဘူး၊ စိတ်နဲ့ချမ်းသာပါစေလို့ မေတ္တာပို့တဲ့အတိုင်း ကိုယ်နဲ့ နှုတ်နဲ့ရော သူတစ်ပါးချမ်းသာအောင် တတ်နိုင်သမျှ ဆောင်ရွက်နိုင်မှ မေတ္တာအစစ် အောင်အောင်မြင်မြင် ဖြစ်တယ်လို့လဲ မှတ်ရမယ်။

ယခု ထို့ထက်ကျယ်ပြန့်တဲ့ ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ ပို့ပုံကို အတိုချုံးပြီး ပြောဦးမယ်။

သဗ္ဗေသတ္တာ - အားလုံးသော သတ္တဝါတွေ၊ အဝေရာ ဟောန္တု - ရန်ကင်းကြပါစေ၊ ဒီလိုနှလုံးသွင်းတာက မေတ္တာတစ်ပါး၊ အဗျာပဇ္ဇာဟောန္တု - စိတ်ဆင်းရဲကင်းကြပါစေ၊ ဒါကလဲ မေတ္တာတစ်ပါး၊ (စိတ်ဆင်းရဲဆိုတာ စိတ်ညစ်တာ၊ စိတ်ပူတာ၊ ဝမ်းနည်းတာ၊ ကြောက်လန့်တာ၊ ချစ်တဲ့သူတွေနဲ့ကွဲနေရလို့ စိုးရိမ်ပူဆွေးနေတာ၊ စီးပွားဥစ္စာတွေ ဆုံးရှုံးပျက်စီးလို့ စိတ်နှလုံး

ထိနိုက်နေတာ ဒီလိုဟာတွေပါဘဲ၊ အဲဒီလို စိတ်ဆင်းရဲတွေ ကင်းကြပါစေလို့ ဆိုလိုပါတယ်)၊ အနီဃာဟောန္တု – ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ဒါကလဲ မေတ္တာတစ်ပါး၊ သုခီအတ္တာနံ ပရိဟရန္တု – ချမ်းသာစွာနဲ့ မိမိတို့ခန္ဓာဝန်ကို ဆောင်ရွက် နိုင်ကြပါစေ၊ ဒါကလည်း မေတ္တာတစ်ပါး၊ (သတ္တဝါတွေမှာ မိမိတို့ ခန္ဓာ ဝန်ကို ဆောင်ရွက်နေကြရတာဟာ အင်မတန် ဝန်လေးပါတယ်၊ ဒီခန္ဓာဝန်အတွက် စားဝတ်နေရေး ကျန်းမာရေး ပြည့်စုံအောင် ရှာကြံနေကြရတာဟာ အင်မတန် ဆင်းရဲပါတယ်၊ အဲဒီဆင်းရဲဒုက္ခတွေမှ ကင်းဝေးပြီး ချမ်းချမ်းသာသာနဲ့ မိမိတို့ ခန္ဓာဝန်ကို ဆောင်ရွက်နိုင်ကြပါစေလို့ ဆိုလိုပါတယ်၊) အဲ ယခုပြောခဲ့တာတွေဟာ သတ္တဝါ အားလုံးကို အာရုံပြုပြီး မေတ္တာပွားပုံ ၄–ပါး တဲ့။

ထို့အတူဘဲ သဗ္ဗေပါဏာ – အားလုံးအသက်ရှိသူတွေ၊ သဗ္ဗေဘူတာ – အားလုံးထင်ရှားဖြစ်သူတွေ၊ သဗ္ဗေပုဂ္ဂလာ– အားလုံး ပုဂ္ဂိုလ်တွေ၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ – အားလုံးခန္ဓာကိုယ်အတ္တဘော ရှိသူတွေ–ဆိုတဲ့ ဒီ ၄–ပုဒ်နဲ့လဲ ခုနက မေတ္တာပွားပုံ ၄–ပါးကို အသီး အသီး တွဲပြီးမေတ္တာပို့ရပါတယ်၊ ဒါကြောင့် မူလပုဒ် ငါးခုကို ခုနက မေတ္တာလေးလီနဲ့ မြှောက်လိုက်လျှင် မေတ္တာပေါင်း ၂၀–ရပါတယ်၊ အဲဒါတွေဟာ သတ္တဝါအားလုံးကိုချည်း ရည်ညွှန်းတဲ့အတွက် အနောဓိသမေတ္တာလို့ ခေါ်ပါတယ်၊ အပိုင်းအခြား အကန့်အသတ် မရှိတဲ့ မေတ္တာလို့ ဆိုလိုပါတယ်။

နောက်ပြီးတော့ သဗ္ဗာ ဣတ္ထိယော–အားလုံးသော အမျိုးသမီးတွေ စသည်ဖြင့် ၂–ပိုင်းစီ ခွဲပြီးပို့တာက ၄–ပုဒ်၊ ၃–ပိုင်းခွဲပြီးပို့တာက

၃-ပုဒ်၊ ပေါင်း ၇-ပုဒ် ရှိသေးတယ်၊ အဲဒီ ၇-ပုဒ်ကိုလဲ အဝေရာ ဟောန္တု-ရန်ကင်းကြပါစေ အစရှိတဲ့မေတ္တာပွားပုံ လေးလီနဲ့မြှောက် လိုက်တော့ ၂၈ ရတယ်၊ အဲဒီ ၂၈-ပါးကတော့ အမျိုးသမီးသန့်သန့်၊ အမျိုးသားသန့်သန့် စသည်ဖြင့် ပိုင်းခြားကန့်သတ်ပြီးပို့တဲ့ အတွက် ဩဓိသမေတ္တာလို့ ခေါ်တယ်၊ အဲဒီ ဩဓိသ ၂၈-ပါးနဲ့ ခုနက အနောဓိသ ၂၀ ကိုပေါင်းလိုက်လျှင် မေတ္တာ ၄၈-ပါးရတယ်။

ထို့အတူ အရှေ့အရပ်က အားလုံးသတ္တဝါတွေ ရန်ကင်းကြပါစေ စသည်ဖြင့် ပို့တာကလဲ ၄၈-ပါး၊ အနောက်အရပ်၊ မြောက်အရပ်၊ တောင်အရပ်၊ အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်၊ အရှေ့မြောက်အရပ်၊ အနောက်တောင်အရပ်၊ အောက်အရပ်၊ အထက်အရပ် တွေကလည်း နည်းတူဘဲ၊ ၄၈-ပါးစီရတယ်၊ ဒါကြောင့် အရပ်ဆယ် မျက်နှာမှာ မေတ္တာ ၄၈၀-ရပါတယ်၊ အဲဒါတွေက အရပ်မျက်နှာနဲ့ ပိုင်းခြားပြီးဖြန့်တဲ့အတွက် ဒိသာဖရဏ မေတ္တာလို့ ခေါ်တယ်၊ အဲဒီ ၄၈၀-ထဲမှာ ခုနက အနောဓိသ ဩဓိသ မေတ္တာ ၄၈-ပါးကို ပေါင်းထည့်လိုက်လျှင် ၅၂၈-သွယ် မေတ္တာ ဖြစ်တယ်၊ အဲဒီ ၅၂၈-သွယ် မေတ္တာအရ ဘုန်းကြီးက ယခု အသံလွှင့်ရုံကနေပြီး မေတ္တာပို့မယ်၊ တရားနာ နေကြသည့် ဓမ္မမာမက ပုဂ္ဂိုလ်တွေ အားလုံးကလဲ စိတ်နဲ့ လိုက်ပြီး မေတ္တာပို့ကြပါ။

အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး အသက်ရှိသူတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ

ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ၊ ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး ထင်ရှားဖြစ်သူတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး ပုဂ္ဂိုလ်တွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး ခန္ဓာကိုယ်အတ္တဘော ရှိသူတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အဲဒါတွေက အနောဓိသမေတ္တာ ၂၀-တဲ့။

အားလုံး အမျိုးသမီးတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး အမျိုးသားတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး အရိယာပုဂ္ဂိုလ်တွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး ပုထုဇဉ်ပုဂ္ဂိုလ်တွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ

ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး နတ်ဗြဟ္မာတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး လူတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အားလုံး အပ္ပါယ်ဘုံသူ အပ္ပါယ်ဘုံသားတွေ ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

ဒါတွေက ဩဓိသမေတ္တာ ၂၈-ပါးတဲ့။

ယခုအရပ်မျက်နှာ ၁၀-ပါးနဲ့ မေတ္တာပို့ပုံကို အတိုချုံးပြီး ပြောမယ်။

အရှေ့အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ၊ ရှေးနည်းတူ ၄၈-ပါး အပြည့်အစုံပို့ရမယ်။

အနောက်အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ နည်းတူ ၄၈-ပါးဘဲ။

ထို့အတူ မြောက်အရပ်က၊ တောင်အရပ်က၊ အရှေ့တောင် အရပ်က၊ အနောက်မြောက်အရပ်က၊ အရှေ့မြောက်အရပ်က၊ အနောက်

တောင်အရပ်က၊ အောက်အရပ်က၊ အထက်အရပ်က ၄၈–ပါးစီ ချည်းဘဲ၊ အားလုံးပေါင်း ၅၂၈–သွယ်မေတ္တာ ဖြစ်ပါတယ်၊ အချိန်မရှိလို့ နားလည်ရုံမျှချုံးပြီး ပြောလိုက်ရတယ်။

ယခု မြန်မာပြည်သူ ပြည်သားတွေကို အထူးမေတ္တာပို့ပြီး တရားသိမ်းတော့မယ်၊ အားလုံး စိတ်နဲ့ လိုက်ပြီး မေတ္တာပို့ကြပါ။

ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားတွေ အားလုံး ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင် နိုင်ကြပါစေ။

ဗြဟ္မစိုရ်တရားတော်ကြီး ပထမပိုင်း ပြီး၏

၁၃၂၈-ခု၊ ဒုတိယဝါဆိုလပြည့်နေ့တွင်
မြန်မာနိုင်ငံအသံလွှင့်ဌာနမှ
ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး

အသံလွှင့်ဟောကြားတော်မူသော

# ဗြဟ္မစိုရ်တရားတော်ကြီး

## ဒုတိယပိုင်း

ဒီကနေ့ ဟောမည့်တရားကတော့ လွန်ခဲ့တဲ့ ၁၃၂၇-ခုနှစ် ဝါခေါင်လပြည့်နေ့က ဟောခဲ့တဲ့ ဗြဟ္မစိုရ်တရားတော်ရဲ့ အဆက်ပါဘဲ၊ အလျှင်ဟောခဲ့တာက ပထမပိုင်း၊ ယခု ဟောတာက ဒုတိယပိုင်းပေါ့၊ ပထမပိုင်းမှာ မေတ္တာပွားပုံကို ဟောခဲ့တယ်၊ ယခု ဒုတိယပိုင်းမှာ ကရုဏာပွားပုံကို ဟောရမယ်။

ကရုဏာဆိုတာ ကိုယ့်အောက်ကလူတွေ ဒုက္ခရောက် နေရှာကြတဲ့ သူတွေကို ကိုယ်ချင်းစာတရားနဲ့ သနားကြင်နာတဲ့ သဘောဘဲ ဆိုတာကို ပထမပိုင်းမှာ ပြောခဲ့ပြီ၊ ပါဠိနည်းနဲ့ ပြောရယင်တော့ ဆင်းရဲဒုက္ခ ရောက်နေတဲ့သူကို မြင်တွေ့ရ ကြားသိရတဲ့အခါမှာ သူတော်ကောင်းတွေရဲ့ စိတ်နှလုံးကို တုန်လှုပ်စေတတ်လို့ ကရုဏာမည်ပါတယ်တဲ့၊ ဟုတ်တယ်၊ သူတော်ကောင်းတွေမှာ ဆင်းရဲဒုက္ခရောက်နေတဲ့သူကို မြင်တွေ့ရရင် ကြားသိရရင်

ကိုယ်တိုင်ခံစားနေရသလိုဘဲ၊ စိတ်နှလုံးမှာ ထိခိုက်ပြီး တုန်လှုပ်တတ်ပါတယ်၊ နိုင်ရာ နိုင်ရာ တိရစ္ဆာန်အချင်းချင်း ညှဉ်းဆဲသတ်ဖြတ်နေတာဘဲ ဖြစ်ဖြစ်၊ လူတွေက စကားမပြောနိုင် မကာကွယ်နိုင်ရှာကြတဲ့ တိရစ္ဆာန်တွေကို ညှဉ်းဆဲသတ်ဖြတ်နေတာဘဲ ဖြစ်ဖြစ်၊ လူလူချင်း နိုင်ရာနိုင်ရာ ညှဉ်းဆဲနှိပ်စက်နေတာဘဲဖြစ်ဖြစ်၊ သူ့အလိုလိုတစ်နည်းနည်းနဲ့ အတိဒုက္ခရောက်နေတာဘဲဖြစ်ဖြစ် မြင်တွေ့ရကြားသိရရင် စိတ်နှလုံးမှာ ထိခိုက်တုန်လှုပ်တတ်ပါတယ်၊ ဒီလိုစိတ်နှလုံးမှာ ထိခိုက်တုန်လှုပ်ယင်လဲ အဲဒီလူကို သူတော်ကောင်းပဲလို့ ဆုံးဖြတ်နိုင်ပါတယ်၊ ဒါကြောင့် ဝိသုဒ္ဓိမဂ်ကျမ်းမှာ–

ပရဒုက္ခေ – သူတစ်ပါး၏ဆင်းရဲသည်၊ သတိ–ရှိသတ်သော်၊ သာဓူနံ–သူတော်ကောင်းတို့၏၊ ဟဒယကမ္ပနံ –နှလုံး၏ တုန်လှုပ်ခြင်းကို၊ ကရောတီတိ–ပြုတတ်သောကြောင့်၊ ကရုဏာ – ကရုဏာမည်၏လို့ ဒီလိုပြဆိုထားပါတယ်။

ကရုဏာရဲ့ သဘောလက္ခဏာကတော့ သူတစ်ပါးမှာ တွေ့ကြုံခံစားနေရတဲ့ ဆင်းရဲကို ပယ်ဖျောက်ချင်တဲ့ သဘောပါဘဲ၊ တတ်နိုင်တဲ့ကိစ္စဆိုယင် အဲဒီသူတစ်ပါးဆင်းရဲကို ပျောက်ကင်းအောင်လဲ သူကကြောင့်ကြစိုက်တတ်တယ်၊ မတတ်နိုင်တဲ့ ကိစ္စဖြစ်နေတောင်မှ အဲဒီ သူတစ်ပါးဆင်းရဲကို ပျောက်စေချင်နေတာဘဲ၊ ဒါကြောင့် ပရဒုက္ခ ပနယနာ ကာရပ္ပဝတ္တိလက္ခဏာ သူတစ်ပါး၏ ဆင်းရဲကိုပယ်သော အခြင်းအရာအားဖြင့်ဖြစ်ခြင်း သဘောလက္ခဏာ ရှိတယ်လို့ ပြဆိုထားပါတယ်၊ ဒါကြောင့် အတိဒုက္ခရောက်နေတဲ့သူကို တွေ့ရတဲ့အခါ သနားကြင်နာတတ်တဲ့သူမှာ ဖြစ်မှုဖြစ်ရလေခြင်းလို့

စုတ်တသတ်သတ်နဲ့ သနားတဲ့ အမူအရာတွေ ထင်ရှားပေါ်လာ တတ်ပါတယ်။

ဒီကရုဏာအရာမှာ မြတ်စွာဘုရားရဲ့ ကရုဏာတော်ကတော့ အကြီးမားဆုံးပါဘဲ၊ မိမိ၏အကျိုးမဲ့ကို ပြုရုံမျှမကဘဲ မိမိအား သေရာသေကြောင်း ကြံစည်အားထုတ်နေတဲ့ အရှင်ဒေဝဒတ်ကိုတောင်မှ သားတော်ရာဟုလာနဲ့ ညီတူညီမျှ သနားတော်မူပါတယ်၊ တစ်လောက လုံးမှာ ရှိသမျှ သတ္တဝါတွေအားလုံးကိုဘဲ ယခု မျက်မှောက် ဆင်းရဲ လောက်သာ မဟုတ်ဘဲ သံသရာတစ်လျှောက်လုံးမှာ တွေ့ကြုံ သွားရမယ့် ဆင်းရဲတွေပါ မြော်မြင်ပြီးတော့လဲ သနားတော်မူပါတယ်။

သနားတော်မူပုံကတော့ အချိန်ကာလတိုင်း ခဏတိုင်း သေဖို့ရာ ဆီသို့ နီးကပ် နီးကပ်သွားနေကြရာတယ် ဆိုတာကို မြင်တော်မူတဲ့ အတွက် သတ်မည့်နွားကို သားသတ်ရုံဆီ မောင်းပို့နေသလိုမြင်ပြီး သနားတော်မူပါတယ်၊ ရာဇဝတ်ပြစ်မှုကို အကြီးအကျယ် ကျူးလွန် ထားတဲ့သူဟာ ရာဇဝတ်အပြစ်ဒဏ်ကို အကြီးအကျယ် ခံရရှာတော့မယ် ဆိုတာကို မြင်သလိုဘဲ၊ သတ္တဝါတွေဟာ ညှဉ်းဆဲသတ်ဖြတ်ခြင်း၊ လုယက်ခိုးယူခြင်း အစရှိတဲ့ ဒုစရိုက်တွေကို ကျူးလွန်ထားကြတဲ့ အတွက် မကြာခင်ဘဲ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာတွေ ဖြစ်ပြီး အတိဒုက္ခ ရောက်ရှာကြတော့မယ်ဆိုတာကို မြင်တော်မူပြီးတော့လဲ သနားတော် မူပါတယ်၊ အိုခြင်း၊ နာခြင်း၊ သေခြင်းအစရှိတဲ့ သံသရာဆင်းရဲတွေနဲ့ တင်းကြမ်း အတိ ပြည့်စုံနေတဲ့ သံသရာခရီးခဲထဲမှာ ဆုံးခန်းရယ်လို့ မရှိဘဲ တစ်သွားတည်း သွားနေရှာကြတယ်လို့ မြင်တော်မူပြီးတော့လဲ သနားတော်မူပါတယ်၊ ကယ်မည့်သူလဲမရှိ လွတ်ရက် လွတ်ခွင့်လဲ

မရှိတဲ့ သံသရာ နှောင်အိမ်ထဲမှာ အတိဒုက္ခရောက်နေရှာကြတယ်လို့ မြင်တော်မူပြီးတော့လဲ သနားတော်မူပါတယ်၊ ငါဘုရားမှာ သံသရာဆင်းရဲမှ လွတ်မြောက်ခဲ့ပြီ၊ သတ္တဝါတွေမှာ မလွတ်မြောက်ရှာကြသေး၊ ငါဘုရားမှတစ်ပါးလဲ ကယ်တင်မည့်သူ မရှိပါတကားလို့ မြင်တော်မူပြီးတော့လဲ သနားတော်မူပါတယ်၊ ဒီနည်းဖြင့် အရာအထောင်မကတဲ့ အကြောင်းခြင်းရာတွေနဲ့ မြင်တော်မူပြီးတော့လဲ အားလုံးသော သတ္တဝါတွေကို သနားတော်မူပါတယ်။

အဲဒါတွေကို ထောက်ဆပြီးတော့ ဘုရားတပည့်ဖြစ်ကြတဲ့ ရဟန်းရှင်လူမှန်သမျှဟာ ဒီကရုဏာ တရားကိုလဲ ပွားများဖို့ သင့်လျော်ပါတယ်၊ ယခုလို အကျယ်ချဲ့ပြီး ပြောရတာက ဘာကြောင့်လဲဆိုယင် မေတ္တာကိုပွားများရတယ် ဆိုတာတော့ အများအားဖြင့် သိကြ နားလည်ကြပါတယ်၊ ပွားလဲ ပွားများ ကြပါတယ်၊ ဒါပေမယ့် ကရုဏာကိုတော့ ပွားများရမှန်း တယ်မသိကြဘူး၊ သိပင် သိသော်လဲ ကရုဏာကို ကျကျနန ပွားများတဲ့သူက အလွန်နည်းနေ ပါတယ်၊ ဒါကြောင့် ကရုဏာကိုလဲ မေတ္တာလိုဘဲ လေးလေးနက်နက် ပွားများသင့်တယ်ဆိုတာ သဘောပေါက်အောင်လို့ ယခုလို အကျယ်ချဲ့ပြီး ပြောရခြင်း ဖြစ်ပါတယ်။

ပွားများပုံကတော့ ဒီကရုဏာမှာလဲ မေတ္တာလိုဘဲ ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် ၃–မျိုးရှိပါတယ်၊ ဒါကြောင့် သူ့အလိုလိုဘဲ ဖြစ်ဖြစ်၊ သူတစ်ပါးက နှိပ်စက်လို့ဘဲဖြစ်ဖြစ် ဆင်းရဲဒုက္ခရောက်နေတဲ့ သူကို တွေ့လိုရှိလျှင် တတ်နိုင်သမျှ အကူအညီပေးပါ၊ ဥပမာ – မတော်တဆ ခြေချော်ပြီး လဲကျသွားတဲ့သူကို တွေ့ယင် ဖေးမပြီး

ဘူပေးပါ၊ ဆေးရှိလျှင် လူးလိမ်းပေးပါ၊ မသွားနိုင်ဘဲ ဖြစ်နေယင် ဖေးမပြီး လိုက်ပို့ပေးပါ၊ မကျန်းမမာ ဖြစ်နေတဲ့သူကို တွေ့ယင်လည်း နည်းတူဘဲ တတ်နိုင်သမျှ အကူအညီပေးပါ၊ နိုင်ထက်စီးနင်း ပြုလုပ်နေတာကို တွေ့ရယင်လဲ တတ်နိုင်ယင် စောင့်ရှောက်ကာကွယ် ပေးပါ၊ ဒီနည်းဖြင့် တတ်နိုင်သမျှ ကိုယ်နဲ့ အကူအညီပေးတာကို ကာယကံကရုဏာ ပွားများတယ်လို့ ဆိုရပါတယ်။

ပြီးတော့ ဆင်းရဲဒုက္ခရောက်နေတဲ့သူကို အဲဒီဆင်းရဲမှ လွတ်မြောက်အောင်၊ သို့မဟုတ် သက်သာရာရအောင် တတ်နိုင်သမျှ နှုတ်နဲ့လဲ အကူအညီပေးရမယ်၊ အဲဒီလို နှုတ်နဲ့ပြောပြီး စောင့်ရှောက် ကူညီတာကတော့ ဝစီကံကရုဏာကို ပွားများတာတဲ့၊ ဒီဝစီကံကရုဏာ ကတော့ ကိုယ့်လက်အောက်က လူတွေနဲ့စပ်ပြီး ကျင့်သုံးဖို့ရာ အလွန် အရေးကြီးပါတယ်၊ ဘယ်လိုလဲဆိုယင် ဆင်းရဲဒုက္ခ ရောက်နေတဲ့ လူက အကူအညီတောင်းလာယင် အသနားခံလာယင် တတ်နိုင်သမျှ စီမံညွှန်ကြားပေးရမယ်၊ ဘာမျှမတတ်နိုင်တဲ့ ကိစ္စ ဖြစ်နေတောင်မှ ကရုဏာသက်တဲ့စကားနဲ့ အားပေးပြောဆိုရမယ်၊ ဒါဟာ အင်မတန် အရေးကြီးပါတယ်၊ တချို့ကတော့ ဒီလိုအသနားခံ လာတဲ့သူကို၊ အကူအညီ တောင်းလာတဲ့သူကို ဟိန်းဟောက် ငေါက်ငမ်းပြီး လွှတ်လိုက်တတ်တယ်၊ အဲဒါကတော့ ကရုဏာ ကင်းမဲ့ရုံမကဘဲ မေတ္တာပါ ခြောက်ခန်းနေတယ်ဆိုတာကို ဖော်ပြ တဲ့သဘောပါဘဲ။

ဒီနေရာမှာ ကရုဏာပွားပြီး သနားနေရာက ဒေါသဖြစ်မှန်းမသိ ဖြစ်ပြီး ပါဏာတိပါတကံ အစရှိတဲ့ အပြစ်ကြီးများ ဖြစ်တတ်တယ်

စတုတ္ထအကြိမ်

ဆိုတာကိုလည်း သတိပေးပြောချင်သေးတယ်၊ ကိုယ်လက်အင်္ဂါ ချွတ်ယွင်းပျက်စီးသွားလို့ဘဲဖြစ်ဖြစ်၊ ရောဂါဝေဒနာ အသည်းအသန် နှိပ်စက်လို့ဘဲ ဖြစ်ဖြစ် အတိဒုက္ခရောက်နေတဲ့သူကို တွေ့ရယင် သနားပြီးတော့ မြန်မြန်သေသွားတာက ကောင်းတယ်လို့ ထင်တတ် ကြတယ်၊ အဲဒီလို ထင်တဲ့အတိုင်း မြန်မြန်သေအောင် ညွှန်ကြား တိုက်တွန်းလို့ဘဲဖြစ်စေ ကိုယ်တိုင်ပြုလုပ်လို့ဖြစ်စေ ရိုးရိုးသေချိန်ထက် စောပြီး သေသွားယင် ညွှန်ကြားတိုက်တွန်းတဲ့သူ ပြုလုပ်တဲ့သူမှာ ပါဏာတိပါတကံထိုက်တယ်၊ အဲဒီလို ညွှန်ကြားစေခိုင်းလို့ မိဘဖြစ်သူ သေသွားယင် ညွှန်ကြားစေခိုင်းတဲ့သားသမီးမှာ မာတုဃာတကကံ၊ ပိတုဃာတကကံထိုက်တယ်၊ ရဟန်း၏ ညွှန်ကြားချက်အရနဲ့ လူသား ဖြစ်တဲ့ပုဂ္ဂိုလ်သေသွားယင် အဲဒီရဟန်းမှာ ပါရာဇိကအာပတ် သင့်တယ် ဆိုတဲ့ အကြောင်း ဝိနည်းပါဠိတော်မှာ ဂင်ရှားရှိတယ်၊ အဲဒါဟာ အင်မတန် သတိပြုဖို့ ကောင်းပါတယ်။

မနောက် ကရုဏာ ပွားများပုံကတော့ ချမ်းရအောင် ပွားများ တာလဲရှိတယ်၊ လောကဝတ္တရားအရ ပွားများတာလဲ ရှိတယ်၊ ပါရမီဖြစ်၊ ကုသိုလ်ဖြစ် ပွားများတာလဲ ရှိတယ်၊ ဒီ ၃–မျိုးထဲမှာ ချမ်းရအောင် ပွားများနည်းကိုတော့ ယခုလို အချိန်အနည်းငယ် အတွင်းမှာ ပြောလို့ မပြည့်စုံ နိုင်ပါဘူး၊ ဒါကြောင့် လောကဝတ္တရား အရနဲ့ ပါရမီဖြစ် ကုသိုလ်ဖြစ် ပွားများပုံကိုဘဲ ပြောပါမယ်။

လောကဝတ္တရားအရကတော့ မိဘနဲ့ သားသမီး၊ ဆရာနဲ့ တပည့်တို့ အချင်းချင်း အရေးအကြောင်းရှိတဲ့အခါ သနားကြင်နာစိတ် ဖြစ်ကြသလိုဘဲ၊ ကိုယ့်လက်အောက်ကလူတွေ အင်အားနဲ့တဲ့လူတွေနဲ့

စပ်ပြီး အဲဒီပုဂ္ဂိုလ်တွေမှာ တွေ့ကြုံနေရတဲ့ ဆင်းရဲ တွေ့ကြုံရမည့် ဆင်းရဲတွေမှ လွတ်မြောက်အောင် ဘယ်ပုံဘယ်နည်း စီမံပေးရမယ် စသည်ဖြင့် ကြံစည်စဉ်းစားနေတာတွေဟာ လောကဝတ္တရားနဲ့ စပ်ဆိုင်တဲ့ မနောကံ ကရုဏာတွေပါဘဲ။

ပါရမီဖြစ် ကုသိုလ်ဖြစ် ပွားများပုံကတော့ ရောဂါဝေဒနာ ဖြစ်ပြီး ဆင်းရဲဒုက္ခရောက်နေတဲ့ သူကိုပဲ ဖြစ်ဖြစ်၊ ဘေးရန်အန္တရာယ် ကြောင့် ဒုက္ခရောက်နေတဲ့ သူကိုပဲ ဖြစ်ဖြစ်၊ ချစ်ခင်တဲ့ သူတွေနဲ့ သေကွဲ ရှင်ကွဲ ကွဲလို့ ဒုက္ခရောက်နေတဲ့ သူကိုပဲ ဖြစ်ဖြစ်၊ စားရမဲ့ ဝတ်ရမဲ့နဲ့ ဒုက္ခရောက်နေတဲ့ သူကိုပဲ ဖြစ်ဖြစ် အဲဒီလို ဒုက္ခရောက်နေတဲ့ သူကို အာရုံပြုပြီး သူ့မှာတွေ့ကြုံနေရတဲ့ ဆင်းရဲမှလွတ်မြောက်ပါစေ၊ ဆင်းရဲမှလွတ်မြောက်ပါစေလို့ အဖန်ဖန် နှလုံးသွင်းပွားများနေရတယ်၊ တစ်မိနစ်လောက် နှလုံးသွင်းပွားများနေရင် အဲဒီတစ်မိနစ်အတွင်းမှာ ကရုဏာဘာဝနာ ကုသိုလ်တွေ ဖြစ်တယ်၊ ဆယ်မိနစ်လောက် ပွားများ နေယင် ဆယ်မိနစ်ပတ်လုံး ကရုဏာကုသိုလ်တွေဖြစ်တယ်၊ အဲဒါဟာ ဆင်းရဲဒုက္ခရောက်တဲ့ သူတွေကို အာရုံပြုပြီး သွားလာရင်း လုပ်ကိုင်ရင်းလဲ ဆင်းရဲမှ လွတ်မြောက်ကြပါစေ၊ ဆင်းရဲမှ လွတ်မြောက်ကြပါစေလို့ ပွားများနိုင်ပါတယ်၊ ပိုက်ဆံ တစ်ပြား တစ်ချပ်မှ မကုန်ဘဲနဲ့ ဘေးရန် အန္တရာယ်ကင်းကြောင်း ကောင်းမှု ကုသိုလ်တွေ ဖြစ်ပွားပါတယ်၊ အင်မတန် ကောင်းတဲ့ အလုပ်ပါဘဲ၊

အဋ္ဌကထာမှာတော့ ယခု လောလောဆယ်မှာ ချမ်းသာ ကောင်းစားနေတဲ့ သူကိုလဲ အကုသိုလ်ကံများတဲ့ သူဆိုယင် မကြာခင်ဘဲ လူ့ဘဝကသေပြီးတော့ ငရဲ တိရစ္ဆာန် ပြိတ္တာဘုံတွေကို

ရောက်ပြီး အလွန်ကြီးကျယ်များပြားတဲ့ ဆင်းရဲတွေကို ခံစားရတော့မယ်ဆိုတာ မျှော်တွေးပြီး ကရုဏာပွားနိုင်ပါတယ်လို့လဲ ပြဆိုထားပါတယ် ပြီးတော့ မြတ်စွာဘုရားရဲ့ မဟာကရုဏာ ပွားနည်းအရဆိုယင် သံသရာဆင်းရဲနဲ့ မကင်းသေးတဲ့ သတ္တဝါ အားလုံးကိုလဲ အာရုံပြုပြီး ကရုဏာပွားနိုင်ပါတယ်၊ ဘာကြောင့် လဲဆိုယင် သံသရာထဲမှာ ကျင်လည်နေကြရတဲ့ သတ္တဝါ ဟူသမျှဟာ လုံးဝဆင်းရဲကင်းတဲ့ လူရယ်လို့ မရှိပါဘူး၊ အနည်းနှင့် အများ အငယ်နှင့်အကြီး လောက်သာကွာခြားပါတယ်၊ ဆင်းရဲတွေကတော့ ကိုယ်စီကိုယ်င အသီးသီး ရှိနေကြတာချည်းဘဲ၊ ယခု လောလော ဆယ်မှာ မရှိဘူးဆိုဟောင်မှ နောင်အခါ တွေ့ကြုံရမယ့် ဆင်းရဲ တွေကတော့ ရှိနေတာဘဲ၊ ဒါကြောင့် အဲဒီလို ဆင်းရဲတွေကို အာရုံပြုပြီးတော့ ဆင်းရဲမှ လွတ်မြောက်ကြပါစေလို့ ဒီလိုလဲ ကရုဏာကို ပွားများနိုင်ပါတယ်။

ယခု ဝိသုဒ္ဓိမဂ်ကျမ်းမှာ ပြဆိုထားတဲ့ နည်းအရ သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု စသည်ဖြင့် အနောဓိသဖရဏကရုဏာ၊ ဩဓိသကရုဏာ ပွားပုံတွေကို ဘုန်းကြီးက ရွတ်ဆိုပြီး ကရုဏာပွားမယ်၊ ဟာရားနာနေ ကြတဲ့ ဓမ္မမာမက ပုဂ္ဂိုလ်တွေ အားလုံးကလဲ စိတ်နဲ့လိုက်ပြီး ကရုဏာပွားကြပါ။

အားလုံး သတ္တဝါတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။
အားလုံး အသက်ရှိသူတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။
အားလုံး ထင်ရှားဖြစ်သူတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။
အားလုံး ပုဂ္ဂိုလ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

စတုတ္ထအကြိမ်

အားလုံး ခန္ဓာကိုယ် အတ္တဘောရှိသူတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

ဒါက အနောဓိသ ကရုဏာ ၅-ပါးတဲ့။

အားလုံး အမျိုးသမီးတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး အမျိုးသားတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး အရိယာပုဂ္ဂိုလ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး ပုထုဇဉ်ပုဂ္ဂိုလ်တွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး နတ်ဗြဟ္မာတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး လူသားတွေ ဆင်းရဲမှ လွတ်မြောက်ကြပါစေ။

အားလုံး အပါယ်ဘုံသူ အပါယ်ဘုံသားတွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ၊ ဒါက ဩဓိသကရုဏာ ၇-ပါးတဲ့၊ ခုနက ၅-ပါးနဲ့ ပေါင်းလိုက်ရင် ကရုဏာ ၁၂-ပါး ဖြစ်ပါတယ်။

ဒီနည်းအတိုင်းဘဲ အရှေ့အရပ်က အားလုံး သတ္တဝါတွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ - စသည်ဖြင့် အရှေ့၊ အနောက်၊ မြောက်၊ တောင် ထောင့်အရပ် ၄-ခု၊ အောက်အရပ်၊ အထက်အရပ် ဆိုတဲ့ အရပ်ဆယ်မျက်နှာမှာလဲ ကရုဏာ ၁၂-ပါးစီ ဖြစ်ပါတယ်၊ အရပ်ဆယ်မျက်နှာမှာလဲ ၁၂-ပါးဆိုတော့ ကရုဏာပေါင်း ၁၂၀- ဖြစ်ပါတယ်၊ အဲဒီ ၁၂၀ ကကော့ အရပ်မျက်နှာနဲ့ ဖြစ်တာမို့ ဒိသာဖရဏာ ကရုဏာလို့ ခေါ်ပါတယ်၊ ပထမပွားခဲ့တဲ့ အနောဓိသ၊ ဩဓိသကရုဏာ ၁၂-ပါးနဲ့ပေါင်းလိုက်ရင် ကရုဏာပေါင်း ၁၃၂-ပါး ဖြစ်ပါတယ်၊ အဲဒါတွေဟာ ဝိသုဒ္ဓိမဂ်ကျမ်းမှာ ပြထားတဲ့ မေတ္တာပွားနည်းအရ ကရုဏာပွားပုံတွေပါဘဲ၊ ယခု ပရိတ်ကြီးထဲမှာပါပဲ့

## စတုတ္ထအကြိမ်

၂၅၄၈ သုတေသနစာကြည့်တိုက်
အဓမ္မနာသောတော်ထွန်းကျသပြန်ပွားရေးဦးစီးဌာန
ရန်ကုန်


ဂါထာနဲ့ ရွတ်ဆိုပြီး ကရုဏာပွားလိုက်ဦးမယ်၊ အားလုံးကလဲ စိတ်နဲ့လိုက်ပြီး ကရုဏာပွားကြပါ။

ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊

ဘယပ္ပတ္တာ စ နိဗ္ဘယာ၊

သောကပ္ပတ္တာ စ နိသ္သောကာ၊

ဟောန္တု သဗ္ဗေပိ ပါဏိနော။

ဒုက္ခပ္ပတ္တာ – ဆင်းရဲဒုက္ခ ရောက်၍နေကြကုန်သော၊ သဗ္ဗေပိ– အလုံးစုံလည်းဖြစ်ကြကုန်သော၊ ပါဏိနော စ – သတ္တဝါ တို့သည် လည်း၊ နိဒ္ဒုက္ခာ – ဆင်းရဲကင်းပ ချမ်းသာ ကြကုန်သည်၊ ဟောန္တု – ဖြစ်ကြ ပါစေကုန်သတည်း၊ ဘယပ္ပတ္တာ – ဘေးဒဏ်သင့်၍ နေကြကုန်သော သဗ္ဗေပိ–အလုံးစုံလည်းဖြစ်ကုန်သော၊ ပါဏိနော စ – သတ္တဝါတို့သည်လည်း၊ နိဗ္ဘယာ – ဘေးဒဏ်ကင်းပ ချမ်းသာ ကြကုန်သည်၊ ဟောန္တု– ဖြစ်ကြပါစေကုန်သတည်း၊ သောကပ္ပတ္တာ– စိုးရိမ်ပူဆွေးခြင်းသို့ ရောက်၍ နေကြကုန်သော သဗ္ဗေပိ– အလုံးစုံလည်းဖြစ်ကုန်သော၊ ပါဏိနော စ – သတ္တဝါ တို့သည်လည်း၊ နိသ္သောကာ– စိုးရိမ်ကင်းပ ချမ်းသာ ကြကုန်သည်၊ ဟောန္တု– ဖြစ်ကြပါစေကုန်သတည်း။

ဗြဟ္မစိုရ်တရားတော် ဒုတိယပိုင်း ပြီး၏။

၁၃၂၉-ခု၊ တော်သလင်းလပြည့်နေ့တွင်
မြန်မာနိုင်ငံ အသံလွှင့်ဌာနမှ
ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဗြဟ္မစိုရ်တရားတော်ကြီး

## တတိယပိုင်း

ဒီကနေ့ဟောမည့်တရားကတော့ လွန်ခဲ့တဲ့ ၁၃၂၈ - ခုနှစ် ဒုတိယဝါဆို လပြည့်နေ့က ဟောခဲ့တဲ့ ဗြဟ္မစိုရ်တရားတော်ရဲ့ အဆက်ပါဘဲ၊ အဲဒီနှစ်က ဟောခဲ့တာက ဒုတိယပိုင်း၊ ယခုနှစ် ဟောမှာက တတိယပိုင်းပေါ့၊ ဒုတိယပိုင်းမှာ ကရုဏာပွားပုံကို ဟောခဲ့တယ်၊ တတိယပိုင်းမှာ မုဒိတာ ပွားပုံကို ဟောရမယ်။

မုဒိတာဆိုတာ ကိုယ့်အထက်ကလူတွေ၊ ကိုယ့်ထက်ပြည့်စုံတဲ့ ချမ်းသာတဲ့လူတွေကို ချမ်းသာမြဲ ချမ်းသာကြပါစေလို့ ဝမ်းမြောက် ဝမ်းသာနဲ့ နှလုံးသွင်းနိုင်တဲ့သဘောဘဲ ဆိုတာကို ပထမပိုင်းမှာ ပြောခဲ့ပါပြီ၊ အဲဒီမှာ ကိုယ့်ထက်သာတဲ့သူတွေကို ထုတ်ပြရတာကတော့ မေတ္တာ ကရုဏာတို့နှင့် နှိုင်းယှဉ်ပြီး မုဒိတာ ဖြစ်ပွားစေဖို့ လွယ်ကူတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ အထူးထုတ်ပြခြင်း ဖြစ်ပါတယ်၊ ဒါပေမယ့် ဗြဟ္မစိုရ် တရားဆိုတာ ပုဂ္ဂိုလ်မရွေးဘဲ အားလုံးသော

သတ္တဝါတွေမှာ ပွားများ သင့်တဲ့တရား ဖြစ်ပါတယ်၊ ဒါကြောင့် ကိုယ်နဲ့တန်းတူတဲ့ ပုဂ္ဂိုလ်တွေ ရော၊ ကိုယ့်အောက်ပုဂ္ဂိုလ်တွေရော အဲဒါတွေကို အာရုံပြုပြီး မုဒိတာကို ပွားနိုင်ပါတယ်၊ ဒါပေမယ့် စစချင်းဆိုရင်တော့ ကိုယ့်အောက် ပုဂ္ဂိုလ်တွေကို စဉ်းစား ကြည့်လိုက်ယင် ဝမ်းမြောက်ဖို့ထက် သနားဖို့က သာပြီး နီးစပ် နေပါတယ်၊ တန်းတူပုဂ္ဂိုလ်တွေအတွက်ဆိုယင်လဲ မေတ္တာ ပွားဖို့က ပိုပြီးနီးစပ်နေပါတယ်၊ ဒါကြောင့် ပထမပိုင်းတုန်းက သရုပ်ခွဲ ပြခဲ့ရာမှာ ကိုယ့်ထက်သာတဲ့သူတွေကိုသာ မုဒိတာ ပွားစရာ ဝမ်းမြောက်စရာ ပုဂ္ဂိုလ်အဖြစ်နဲ့ ထုတ်ပြခဲ့ခြင်း ဖြစ်ပါတယ်။

ဒါပေမယ့် ကိုယ့်ထက်သာ မနာလို ဆိုတဲ့ စကားပုံအတိုင်း အများအားဖြင့် သတ္တဝါတွေမှာ ကိုယ့်ထက်သာတာကို မြင်ရ၊ ကြားရ၊ သိရယင် မျက်မုန်းကျိုးမှု မနာလိုမှုက ဖြစ်တတ်တယ်၊ အဲဒီ မနာလိုမှုဟာ မုဒိတာရဲ့ ဆန့်ကျင့်ဘက် ရန်သူဘဲ၊ အကုသိုလ်ပွားတဲ့သဘောပါဘဲ၊

သူက မျက်မှောက်ဘဝမှာလဲ မကောင်းကျိုးတွေကို ပေးတတ်တယ်၊ နောင်တမလွန်မှာလဲ အပါယ်ဆင်းရဲ သံသရာဆင်းရဲတွေ ပေးတတ်တယ်၊ အဲဒါကို ပုံစံထုတ်ပြရယင် –

(၁) ရှေးတုန်းက ဘုရင်တစ်ပါးကို ရေချိုးပြီးခါစမှာ မောင်းမငယ် တစ်ယောက်က သူ့လက်ကို မီးအိုးကင်းမှာ ကင်ပြီးတော့ အဲဒီလက်နဲ့ ပွတ်တိုက်ဆုတ်နယ်ပြီး ပြုစုနေသတဲ့၊ အဲဒါကို မိဖုရားကြီးက မနာလိုတဲ့ အတွက် အဲဒီမောင်းမရဲ့ ကိုယ်ပေါ်မှာ မီးအိုးကင်းထဲက မီးကျီးတွေနဲ့ လောင်းချလိုက်တယ်၊ အဲဒီ

မကောင်းမှုကြောင့် အဲဒီမိဖုရားကြီးဟာ ငရဲမှာကျရောက်ပြီး အနှစ်သိန်းပေါင်းများစွာ ဒုက္ခခံရပြီးတဲ့နောက် ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင်မှာ ရဲရဲတောက်နေတဲ့ မီးကျီတွေနဲ့ အလောင်ခံနေရတဲ့ ပြိတ္တာမကြီး ဖြစ်နေရရှာတယ်။

(၂) နောက်ပြီးတော့ ကဿပမြတ်စွာဘုရားလက်ထက်တော်က ရဟန်းတစ်ပါးဟာလဲ ရဟန္တာတစ်ပါးကို မနာလိုပြစ်မှားခဲ့တဲ့ အကုသိုလ် ကံကြောင့် ငရဲမှာကျရောက်ပြီးတဲ့နောက် ယခုဂေါတမ မြတ်စွာဘုရား လက်ထက်မှာ လောသကတိဿဆိုတဲ့ လူဖြစ်လာပြီး အကြီးအကျယ် ဒုက္ခရောက်ရရှာတယ်၊ အဲဒီ လောသကတိဿ ပဋိသန္ဓေနေကတည်းက သူ့မိဘတွေနဲ့တကွ တစ်ရွာလုံးဟာ မီးဘေး၊ မင်းဘေး၊ ငတ်မွတ် ခေါင်းပါးတဲ့ဘေးတွေ သင့်ကြရတယ်၊ ဒါနဲ့ရွာကို နှစ်ပိုင်းခွဲလိုက်တယ်၊ အဲဒီအခါကျတော့လဲ သူပါတဲ့အပိုင်းမှာ ဒုက္ခ ရောက်ကြရပြန်တယ်၊ ဒါကြောင့် နောက်လဲ ထပ်ကာထပ်ကာ ရွာကိုခွဲကြရပြန်တယ်၊ ခွဲတိုင်း ခွဲတိုင်း သူပါတဲ့ အပိုင်းမှာ ဒုက္ခ ရောက်ရတာချည်းဘဲ၊ နောက်ဆုံးကျတော့ သူ့မိဘတစ်အိမ်တည်း တစ်ပိုင်းဖြစ်သွားတယ်၊ အဲဒီအခါမှာလဲ သူတို့ တစ်အိမ်တည်း ဒုက္ခရောက်ကြရတယ်၊ ဒါကြောင့် လောသကတိဿ စကားပြောနိုင်၊ သွားလာနိုင်တဲ့အခါကျတော့ မိဘတွေကလဲ သူ့ကို စွန့်ပစ်ပြီး သင့်တော်ရာ အလွတ်ထွက်သွားကြတယ်၊ လောသကတိဿလဲ ခွက်ကလေးတစ်ခုနဲ့ ရောက်တတ်ရာရာသွားပြီး တောင်းရမ်းစားနေရ ရှာတယ်၊ တနေ့မှာ ဝဝလင်လင် စားရတယ်လို့ မရှိဘူးတဲ့၊ နောင်အချိန်မှာ အရှင်သာရိပုတ္တရာက သူ့ကိုသနားလို့ ရှင်ရဟန်းပြုပေး

ထားတယ်၊ ရှင်ရဟန်းဖြစ်တဲ့အခါလဲ သူ့မှာ ဝဝလင်လင် စားသောက်လောက်အောင် ဆွမ်းမရရှာဘူးတဲ့၊ သူနဲ့အတူတူ ဆွမ်းခံသွားယင် အခြားရဟန်းတော်တွေတောင် ဆွမ်းကောင်းကောင်းမရကြဘူးတဲ့၊ နောက်ဆုံး ပရိနိဗ္ဗာန်ပြုမည့်နေ့မှာတောင် အရှင်သာရိပုတ္တရာက သူ့ဆီ အပို့ခိုင်းလိုက်တဲ့ဆွမ်းဟာ သူ့ဆီမရောက်ဘူး၊ သူ့ကို အမှတ်မရဘဲ လမ်းတွင်စားပစ်လိုက်တယ်၊ အရှင်သာရိပုတ္တရာက လာပြီးမေးမှ ဆွမ်းမစားရသေးမှန်း သိရတာနဲ့ သံဝေဂ ဖြစ်တော်မူရတယ်၊ အချိန်ကလဲ နေမွန်းလွဲနေတာနဲ့ စတုမဓုဆွမ်းကို ခံယူလာပြီး အရှင်လောကသတိဿ ကို ကျွေးရတယ်၊ ဒါတောင် သူ့လက်ထဲ ပေးလိုက်ယင် ကွယ်ပျောက် သွားမှာစိုးလို့ အရှင်သာရိပုတ္တရာ လက်ဘဲကဘဲ ယူစားစေတယ်၊ သူ့တစ်ဘဝလုံးမှာ အဲဒီတစ်နေ့ဘဲ ဝဝလင်လင် ဘုဉ်းပေးသုံးဆောင် ရသတဲ့၊ အဲဒီနေ့မှာဘဲ ပရိနိဗ္ဗာန် စံတော်မူရတယ်၊ ဣဿာဆိုတဲ့ မနာလိုမှုဟာ ပရိနိဗ္ဗာန် စံရမည့်နေ့ထိအောင် လိုက်ပြီးမကောင်းကျိုး ပေးတယ်ဆိုတော့ အင်မတန်ကို ကြောက်စရာကောင်းပါတယ်။

(၃) ဘုရားလက်ထက်တော်ကာလက ကောသမ္ဗီပြည်မှာ ဃောသကဆိုတဲ့ ကျောင်းဒကာ သေဌေးတစ်ဦး ရှိခဲ့တယ်၊ ငယ်စဉ်တုန်းက သူ့ကိုမွေးတဲ့ အဘသေဌေးကြီးက သားရင်းကလေး ရလာတဲ့ အခါ ဃောသကသူငယ်ကို မလိုလားတာနဲ့ ၆-ကြိမ်တိုင်တိုင် သေရာ သေကြောင်း ကြံစည်ပြုလုပ်တယ်၊ ဒါပေမယ့် သေကံမရောက် သက်မပျောက် ဆိုတာလိုဘဲ သူ့မှာသေဖို့ရာ ကံကမပါတဲ့အတွက် သေဘေးမှ လွတ်ခဲ့တယ်၊ အဲဒီ ၆-ကြိမ်ထဲမှာ တစ်ကြိမ်ကတော့

အိုးဖုတ်တဲ့ ဖိုကြီးထဲမှာ ထည့်ပြီး မီးဖုတ်လိုက်ဖို့ အိုးထိန်းသည်ထံ ယောသက သူငယ်ကို စေလွှတ်လိုက်တယ်၊ လမ်းခုလပ်မှာ သေဌေးကြီးရဲ့ သားအရင်းက ခုံညင်းထိုးကစားပေးဖို့ တောင်းပန်တယ်၊ ဖခင်က အိုးထိန်းသည်ထံ စေလွှတ်လိုက်တဲ့ အကြောင်းပြောတော့ အဲဒီသေဌေး သားအရင်းက ခုံညင်းသာနိုင်အောင် ထိုးရစ်ပါ၊ သူသွားပေးပါမယ် ဆိုပြီး အိုးထိန်းသည်ထံ သွားကယ်၊ အိုးထိန်းသည်ကလဲ အဲဒီ သူငယ်ကို ယောသကဘဲထင်ပြီး သေဌေးကြီးရဲ့ အမိန့်အတိုင်း အိုးဖိုထဲ ထည့်ပြီး မီးဖုတ်လိုက်တယ်၊ အဲဒီအကြောင်းကို သေဌေးကြီး သိရတဲ့အခါ အလွန်အကဲ စိတ်ဆင်းရဲ ဒုက္ခရောက်ရရှာတယ်၊ စိတ်နှလုံး ပူပန်ပြီး ရောဂါဝေဒနာ အကြီး အကျယ် စွဲကပ်ခံရတယ်၊ အဲဒီရောဂါနဲ့ဘဲ နောက်ဆုံးမှာ သေသွား ရရှာတယ်၊ ဒါလဲ မနာလိုမှုရဲ့ မကောင်းကျိုးဘဲ။

ဒါကြောင့် "သူများမနာလို ကိုယ်အကျိုးမရှိ" လို့ပြောစမှတ် ပြုကြတယ်၊ တစ်ခါက ဘုန်းကြီးကျောင်းတစ်ခုမှာ ဖိုးသူတော် တစ်ယောက်ရှိသတဲ့၊ အဲဒီ ဖိုးသူတော်က "သူများမနာလို ကိုယ်အကျိုး မရှိ" ဆိုတဲ့ ဒီစကားပုံကလေးကို မကြာခဏ ရွတ်ဆိုပြီး တရားနှလုံး သွင်းနေသတဲ့၊ အဲဒီကျောင်းမှာ ကိုးကွယ်ပြီး သွားလာဝင်ထွက်နေတဲ့ ဒကာမကြီးတစ်ယောက်က ဖိုးသူတော်ရွတ်ဆိုနေတဲ့ စကားကို ခဏခဏ ကြားရတော့ သူ့ စောင်းပြီး ရွတ်ဆိုနေတယ်လို့ ထင်ပြီး ဖိုးသူတော် အပေါ်မှာ ရန်ငြိုးဖွဲ့သွားသတဲ့၊ ဒါနဲ့ ဒကာမကြီးက မုန့်ထဲမှာ အဆိပ် ထည့်ပြီး ဖိုးသူတော်ကို လှူသတဲ့၊ ဖိုးသူတော်ကလဲ မရစဖူး အထူးရတဲ့ မုန့်ဘဲလို့ အလေးအမြတ်ပြုပြီး ဘုရားမှာ

ဆွမ်းတော်ကပ်လိုက်သတဲ့ မုန့်လှူတဲ့ ဒကာမကြီးရဲ့သားကလဲ အဲဒီကျောင်းမှာ ကျောင်းသားအဖြစ်နဲ့ နေတဲ့အတွက် အဲဒီကျောင်းသားက ဆွမ်းတော်ကပ်ထားတဲ့ အဲဒီမုန့်ကို ကောက်ပြီး စားမိလို့ အဆိပ်သင့်ပြီး သေရှာသတဲ့၊ ဒီတော့ မုန့်လှူတဲ့ဒကာမကြီးက ဖိုးသူတော်မသေဘဲ သူ့သားသေနေတာကို တွေ့ရတဲ့အတွက် (သူများမနာလို ကိုယ်အကျိုးမရှိ) ဆိုတဲ့ ဖိုးသူတော် ကမ္ဗဋ္ဌာန်းကို သဘောပေါက်ပြီး "ဦးသူတော် ကမ္ဗဋ္ဌာန်း၊ ငါ့ကိုရမ်း၊ ဖြန်းဖြန်း ကွဲလေပြီ" လို့ မြည်တမ်းငိုကြွေးရှာသတဲ့။

ယခု ပြောခဲ့တာတွေဟာ မုဒိတာကိုပွားစေမည့် ပုဂ္ဂိုလ်မှာ မုဒိတာရဲ့ ဆန့်ကျင်ဘက်ရန်သူဖြစ်တဲ့ ဣဿာဆိုတဲ့ မနာလိုမှုကို အပြစ်မြင်ပြီး မုဒိတာကို ပွားစေနိုင်ဖို့ သာဓကတွေပါဘဲ။

သူတစ်ပါး ကြီးပွားချမ်းသာတာကို ဝမ်းမြောက်ကြည်သာနိုင်တဲ့ မုဒိတာတရားကတော့ အင်မတန် အေးချမ်းပါတယ်၊ ဝမ်းမြောက်ကြည်သာနေတုန်းလဲ စိတ်ထဲမှာ ချမ်းသာပါတယ်၊ မည့်သူ့မှာ စီးပွား ဥစ္စာတွေ တိုးတက်နေသတဲ့၊ လုပ်ငန်းတွေ အောင်မြင်နေသတဲ့၊ စာမေးပွဲ အောင်သတဲ့၊ ဘွဲ့ထူး ရသတဲ့၊ ရာထူး တိုးသတဲ့ စသည်ဖြင့် ကြားရ တွေ့ရ သိရယင် "ကောင်းပါပေတယ်၊ ကောင်းပါပေတယ်၊ ကြီးပွားမြဲ ကြီးပွားပါစေ၊ ချမ်းသာမြဲ ချမ်းသာပါစေ၊ ရထားတဲ့ရာထူး ဌာနန္တရနဲ့ တည်မြဲပါစေ စသည်ဖြင့် ဝမ်းမြောက်ကြည်သာ သဘောတူ တာဟာ မုဒိတာဘဲ၊ အင်မတန် ကြည်လင်အေးမြပါတယ်၊ ပိုက်ဆံ တစ်ပြား တစ်ချပ်မှ မကုန်ရဘဲနဲ့ ကြီးပွားချမ်းသာကြောင်း ကုသိုလ်တွေ တသွင်သွင် ဖြစ်ပွားနေပါတယ်၊

သိပ်နေရာကျတာဘဲ။

ဒီမုဒိတာကို ပွားစေတဲ့အတွက် ကောင်းကျိုးချမ်းသာကို မျက်မှောက်ဘဝမှာလဲ ရတတ်ပါတယ်၊ နောင်တမလွန်မှာလဲ ရတတ်ပါတယ်။

(၁) မျက်မှောက်မှာ အကျိုးရပုံကတော့ အသဒိဒဒါနဝတ္ထုဖြင့် ယင်ရှားပါတယ်၊ ပသေနဒီကောသလ မင်းကြီးက ဟစ်နေ့တည်းနဲ့ ၁၄-ကုဋေ အကုန်ခံပြီး အသဒိသ အလှူတော်ကြီးကို ပေးလှူတယ်လို့ ဆိုပါတယ်၊ အဲဒါကို ကာဠဆိုတဲ့ အမတ်ကြီးက ဘဏ္ဍာတော်ငွေတွေ ၁၄-ကုဋေ အလဟဿ ပျက်စီးသွားတယ်လို့ ကဲ့ရဲ့ဝေဖန်တယ်၊ ဇုဏှ ဆိုတဲ့ အမတ်ကြီးကတော့ ပြည်ရှင်မင်းမို့သာ ဒီလို အလှူကြီးကို ပေးလှူနိုင်တာဘဲ၊ ငါလဲ ဒီလို အလှူကြီးကို ပေးလှူချင်ပါဘိတော့ တယ်လို့ ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာ ပြုတယ်၊ အဲဒီ အကြောင်းကို ဘုရင်မင်းမြတ်က ကြားသိရတဲ့အခါ ကဲ့ရဲ့တဲ့ ကာဠ အမတ်ကြီးကို ပြည်နှင်ဒဏ်ပေးတယ်၊ အနုမောဒနာပြုတဲ့ ဇုဏှ အမတ်ကြီးကို ရ-ရက်ပတ်လုံး မင်းအဖြစ်ပေးပြီး မိမိလိုဘဲ အသဒိသအလှူတော်ကြီး ပေးလှူစေသတဲ့၊ အဲဒါဟာ မုဒိတာရဲ့ အကျိုးကို မျက်မှောက်ဘဝမှာ ရပုံ သာဓကပါဘဲ။

(၂) နောင်တမလွန်မှာ အကျိုးရပုံတွေကတော့ အလွန်ဘဲ များပါတယ်၊ ဘုရားလက်ထက်တော်တုန်းက အမျိုးသမီးတစ်ယောက် ဟာ ဝိသာခါရဲ့ကျောင်းအလှူကို ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုရုံသက်သက်နဲ့ တာဝတိံသာနတ်ပြည်မှာ အင်မတန်ကြီးကျယ်တဲ့ နတ်ဘုံဗိမာန် အခြွေအရံတွေနဲ့တကွ ဂုဏ်သိန်ကြီးတဲ့ နတ်သမီး

ဖြစ်နေတယ်၊ နောက်ပြီးတော့ တချို့လူတွေဟာ ကုသိုလ်ကံ မရှိတဲ့ အတွက် ပြိတ္တာဘဝရောက်ပြီး စားရမဲ့ သောက်ရမဲ့ ဝတ်ရမဲ့ အတိဒုက္ခ ရောက်နေရာမှာ ဆွေမျိုးဉာတိ မိတ်သင်္ဂဟများက ဒါနကုသိုလ်ပြုပြီး အမျှပေးဝေတဲ့အခါ သာဓုအနုမောဒနာ ပြုကြတဲ့အတွက် နတ်စည်းစိမ် ချမ်းသာတွေကို ချက်ချင်းဘဲ ရသွားကြတယ်၊ ဒါတွေဟာ ဒီနေရာမှာ သက်သေ သာဓကတွေပါဘဲ။

အဲဒီလို ကုသိုလ်ရေးမှာသာ မဟုတ်သေးပါဘူး၊ လောကရေးရာ တွေမှာလဲ သူများကြီးပွားချမ်းသာတာကို ဝမ်းမြောက်ကြည်သာနိုင်တဲ့ အတွက် နတ်ရွာသုဂတိကို ရောက်ရတဲ့အပြင် လူ့ဘဝရောက်လာတဲ့ အခါမှာလဲ သူများထက် အခြွေအရံပေါများပြီး ကြီးပွားချမ်းသာ ရကြောင်းကို စူဠကမ္မဝိဘင်္ဂသုတ်မှာ မြတ်စွာဘုရားက အထင်အရှား ဟောထားပါတယ်။

ဒါကြောင့် ဒီ မုဒိတာတရားဟာ ကုသိုလ်ရေးနဲ့စပ်ပြီးတော့ ဖြစ်ဖြစ်၊ လောကရေးနဲ့စပ်ပြီးတော့ ဖြစ်ဖြစ် ပွားများသင့်ကြောင်း အင်မတန် ထင်ရှားနေပါတယ်။

ပွားများပုံကတော့ ဒီ မုဒိတာမှာလဲ မေတ္တာ ကရုဏာတို့လိုဘဲ ကာယကံ ဝစီကံ မနောကံအားဖြင့် ၃-မျိုးရှိပါတယ်၊ ဒါကြောင့် ကြီးပွားချမ်းသာနေတဲ့သူကို ကြီးပွားမြဲ ကြီးပွားချမ်းသာနေနိုင်အောင် ကိုယ်နဲ့အကူအညီပေးစရာအခွင့်ပေါ်လာယင် ကိုယ်နဲ့အကူအညီပေးပါ၊ အဲဒါဟာ ကာယကံမုဒိတာတဲ့၊ နှုတ်နဲ့ အကူအညီပေးစရာရှိယင် စွမ်းနိုင်သမျှ ပြောဆိုပြီး အကူအညီပေးပါ၊ ဥပမာ– လူတစ်ယောက်မှာ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ တည်မြဲရေးအတွက် မိမိကဝင်ရောက်ပြီး

ကူညီပြောဆိုပေးမှ ဖြစ်မည်ဆိုလျှင် ကူညီပြောဆိုပေးပါ၊ လူတစ်ယောက် ကို အကြောင်းမဲ့ ဂုဏ်သိက္ခာကျအောင် ပြောဆို နေတာကို ကြားရလျှင် စွမ်းနိုင်ပါက အမှန်ကို ရှင်းလင်း ထုတ်ဖော်ပြီး ထိုသူရဲ့ ဂုဏ်သိက္ခာကို ထောက်ခံပြောဆိုပါ၊ ဒါကတော့ ဝစီကံမုဒိတာတဲ့။

မနောကံ မုဒိတာပွားပုံကတော့ ရှာန်ရအောင် ပွားများတာလဲ ရှိတယ်၊ ပါရမီဖြစ် ကုသိုလ်ဖြစ် ပွားများတာလဲ ရှိတယ်၊ ဒီနှစ်မျိုးထဲက ရှာန်ရအောင် ပွားများနည်းကိုတော့ ယခုလို အချိန်အနည်းငယ် အတွင်းမှာ ပြောလို့ မပြည့်စုံနိုင်ဘူး၊ ဒါကြောင့် ပါရမီဖြစ်၊ ကုသိုလ်ဖြစ် ပွားများပုံကိုဘဲ ပြောမယ်။

ကြီးပွားချမ်းသာတဲ့ သူတွေကို မြင်တွေ့ရတိုင်း ကြားသိရတိုင်း "ဆုတ်ယုတ်ခြင်း မရှိဘဲ၊ ဝမ်းမြောက်မြဲ ဝမ်းမြောက်နိုင်ကြပါစေ၊ ကြီးပွားမြဲ ကြီးပွားကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ"လို့ နှလုံးသွင်း ပွားများရမယ်၊ အဲဒီလို တစ်မိနစ်လောက် နှလုံးသွင်း ပွားများနေယင် အဲဒီတစ်မိနစ်လောက်အတွင်းမှာ မုဒိတာဘာဝနာ ကုသိုလ်တွေ ဖြစ်တယ်၊ ဆယ်မိနစ်လောက် နှလုံးသွင်း ပွားများနေယင် ဆယ်မိနစ်လောက် မုဒိတာဘာဝနာ ကုသိုလ်တွေ ဖြစ်တယ်၊ အဲဒါဟာ သွားရင်းလာရင်းလဲ တွေ့မြင်ရ ကြားသိရတဲ့ သူတွေကို အာရုံပြုပြီး နှလုံးသွင်း ပွားများနိုင်တယ်၊ စရိတ်စက မကုန်ဘဲနဲ့ ကြီးပွားချမ်းသာ ကြောင်း ကုသိုလ်တွေ ဖြစ်ပွားတယ်၊ အဲဒီလို နှလုံးသွင်းနိုင်တာကို ပြန်လည်စဉ်းစားကြည့်ယင်ယဲ အင်မတန် ဝမ်းသာစရာကောင်းတယ်၊ တကယ့်ကို ကောင်းတဲ့အလုပ်ပါဘဲ။

## စေတနာအကြိမ်

ယခု ပဋိသမ္ဘိဒါမဂ် ပါဠိတော်က မေတ္တာဘာဝနာအရာမှာ ပြထားတဲ့ အနောဓိသ ၅-ပါး၊ ဩဓိသ ၇-ပါး၊ ဒိသာဖရဏာ ၁၂၀-တို့အရနဲ့ ဘုန်းကြီးရွတ်ဆိုပြီး မှဒိတာပွားမယ်၊ တရားနာနေကြတဲ့ မမ္မာမက ပုဂ္ဂိုလ်တွေလဲ စိတ်နဲ့လိုက်ပြီး မုဒိတာပွားကြပါ။

အားလုံး သတ္တဝါတွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

အားလုံး သက်ရှိသူတွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

အားလုံး ထင်ရှားဖြစ်သူတွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

အားလုံး ပုဂ္ဂိုလ်တွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

အားလုံး ခန္ဓာကိုယ် အတ္တဘောရှိသူတွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

ဒါက အနောဓိသမုဒိတာ ၅-ပါးတဲ့။

အားလုံး အမျိုးသမီးတွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

အားလုံး အမျိုးသားတွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

အားလုံး အရိယာပုဂ္ဂိုလ်တွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

အားလုံး ပုထုဇဉ်ပုဂ္ဂိုလ်တွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

အားလုံး နတ်ဗြဟ္မာတွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

အားလုံး လူသားတွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

အားလုံး အပါယ်ဘုံသူ အပါယ်ဘုံသားတွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ။

ဒါက ဩဓိသမုဒိတာ ၅-ပါးတဲ့၊ ခုနက ၅-ပါးနဲ့ ပေါင်းလိုက်ယင် မုဒိတာ ၁၂-ပါး ဖြစ်ပါတယ်။

ဒီနည်းအတိုင်းဘဲ အရှေ့အရပ်က အားလုံးသတ္တဝါတွေ "ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားချမ်းသာကာ ဝမ်းမြောက်နိုင်ကြပါစေ" စသည်ဖြင့် အရပ်ဆယ်မျက်နှာထဲက တစ်မျက်နှာ၊ တစ်မျက်နှာမှာ မုဒိတာ ၁၂-ပါးစီ ဖြစ်ပါတယ်၊ အရပ်ဆယ်မျက်နှာလုံးမှာ ဆိုတော့ မုဒိတာပေါင်း ၁၂၀-ဖြစ်ပါတယ်၊ အဲဒီ ၁၂၀ - ကတော့ အရပ်ဆယ်မျက်နှာနဲ့ ဖြန့်ဟာမို့ ဒိသာဖရဏာ မုဒိတာလို့ ခေါ်ပါတယ်၊ ပထမက ပွားခဲ့တဲ့ အနောဓိသ၊ ဩဓိသမုဒိတာ ၁၂-ပါးနဲ့ ပေါင်းလိုက်ယင် မုဒိတာပေါင်း ၁၃၂-ပါး ဖြစ်ပါတယ်။

အဲဒီ ၁၃၂-ပါးဟာ အမှန်စင်စစ်တော့ မုဒိတာကမ္မဋ္ဌာန်းနဲ့ ဈာန်ရပြီးတဲ့အခါ ဈာန်ကစားတဲ့ အခြင်းအရာတွေသာ ဖြစ်ပါတယ်၊ ဈာန်မရဘဲနဲ့ ယခုပြောခဲ့တဲ့အတိုင်း ပွားတာကတော့ ပါရမီဖြစ်ကုသိုလ်ဖြစ်ရုံမျှပါဘဲ။

## စတုတ္ထအကြိမ်

ကဲ- ယခု ဘုန်းကြီးက ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားတွေ အားလုံးကို အာရုံပြုပြီး မုဒိတာပွားလိုက်မယ်၊ စိတ်နဲ့ လိုက်ပြီး နှလုံးသွင်း ပွားများကြပါ။

အားလုံး မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေ ဆုတ်ယုတ်ခြင်း မရှိဘဲ ကြီးပွားမြဲ ကြီးပွားကြပါစေ၊ ချမ်းသာမြဲ ချမ်းသာကြပါစေ၊ ဝမ်းမြောက်မြဲ ဝမ်းမြောက်နိုင်ကြပါစေ။

ဗြဟ္မစိုရ်တရားတော်ကြီး တတိယပိုင်းပြီး၏။

၁၃၃၀-ခု၊ ဝါခေါင်လဆုတ် ၁၄-ရက်နေ့တွင်
မြန်မာနိုင်ငံ အသံလွှင့်ဌာနမှ
**ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး**
အသံလွှင့် ဟောကြားတော်မူသော

# ဗြဟ္မစိုရ်တရားတော်ကြီး

## စတုတ္ထပိုင်း

ဒီကနေ့ ဟောမည့်တရားကတော့ လွန်ခဲ့တဲ့ ၃-နှစ်က ဟောလာခဲ့တဲ့ ဗြဟ္မစိုရ်တရားတော်ရဲ့ အဆက်ပါဘဲ၊ အဲဒီ ၃-နှစ်က ဟောခဲ့တာဟာ ပထမ ဒုတိယ တတိယ ၃-ပိုင်းရှိခဲ့ပြီ၊ ယခုဟောမှာက စတုတ္ထပိုင်းပေါ့၊ အလျင် ၃-ပိုင်းမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာပွားပုံများကို ဟောခဲ့တယ်၊ ယခုစတုတ္ထပိုင်းမှာတော့ နောက်ဆုံးဖြစ်တဲ့ ဥပေက္ခာပွားပုံကို ဟောရမယ်။

ဥပေက္ခာဆိုတာ ဘက်မလိုက်ဘဲ အညီအမျှရှုတဲ့ သဘောပါဘဲ၊ ဒါကြောင့် ဥပပတ္တိယုတ္တိတော - အသင့်အလျော် အညီအမျှအားဖြင့်၊ ဣက္ခတိ - ရှုတတ်သောကြောင့်၊ ဥပေက္ခာ-ဥပေ-က္ခာမည်တယ် -လို့ ပြဆိုထားကြတယ်၊ အဲဒါကို လျစ်လျူရှုတယ်လို့လဲ မြန်မာပြန်ကြတယ်၊ လျစ်လျူရှုပုံကတော့ ၁၀-မျိုးတောင် ရှိပါတယ်၊ ဒါကြောင့် အဋ္ဌကထာမှာ ဒီဥပေက္ခာကို ၁၀-မျိုးခွဲပြီး ပြထားတယ်၊ အဲဒီ

၁၀–မျိုးက ဘာတွေလဲ ဆိုယင်–

(၁) ဆဠင်္ဂုံပေက္ခာ၊ (၆) ဝေဒနုပေက္ခာ၊
(၂) ပြဟ္မဝိဟာရုပေက္ခာ၊ (၇) ဝိပဿနုပေက္ခာ၊
(၃) ဗောဇ္ဈင်္ဂုပေက္ခာ၊ (၈) တတြမဇ္ဈတ္တုပေက္ခာ၊
(၄) ဝီရိယုပေက္ခာ၊ (၉) ဈာနုပေက္ခာ၊
(၅) သင်္ခါရုပေက္ခာ၊ (၁၀) ပါရိသုဒ္ဓုပေက္ခာ –

ဆိုတဲ့ ဒီ ၁၀–မျိုးပါဘဲ။

ဒီ ၁၀–မျိုးထဲမှာ အမှတ်(၁) ဆဠင်္ဂုပေက္ခာဆိုတာ အာရုံ ၆–မျိုး အကောင်းအဆိုးကို အညီအမျှရှုနိုင်တဲ့ သဘောပါဘဲ၊ အဲဒါဟာ ရဟန္တာရဲ့ဂုဏ်ထူးပါဘဲ၊ ဒါပေမယ့် ဝိပဿနာယောဂီလဲ သင်္ခါရုပေက္ခာ ဉာဏ်ဖြစ်ခိုက်မှာ ဒီ ဆဠင်္ဂုပေက္ခာနဲ့ အညီအမျှရှုနေပုံကို ထင်ရှားတွေ့ နိုင်ပါတယ်။

အမှတ် (၂) ပြဟ္မဝိဟာရုပေက္ခာ ဆိုတာကတော့ ယခုဟောမည့် ဥပေက္ခာပါဘဲ၊ ဒါကြောင့် သူ့ကို တော်တော်ကြာမှ အကျယ်ချဲ့ပြီး ဟောရမယ်။

အမှတ်(၃) ဗောဇ္ဈင်္ဂုပေက္ခာ ဆိုတာကတော့ ဗောဇ္ဈင် ၇–ပါးထဲက နောက်ဆုံးဖြစ်တဲ့ ဥပေက္ခာသမ္ဗောဇ္ဈင်ပါဘဲ၊ တရားကိုယ်အားဖြင့် တတြမဇ္ဈတ္တတာ စေတသိက်ပါဘဲ၊ သူကသူနဲ့ အတူတကွဖြစ်တဲ့ ယှဉ်ဖော် ယှဉ်ဖက်တရားတွေကို မယုတ်မလွန် ညီမျှစေတယ်၊ ဒါကြောင့် သူ့ကို သမဝါဟိတ လက္ခဏာရှိတယ်လို့ အဘိဓမ္မာကျမ်းဂန်တွေမှာ ပြဆိုထားပါတယ်၊ ဒါပေမယ့် ဒီဥပက္ခာဗောဇ္ဈင်ရဲ့ဖြစ်ပုံကို သုတမယ စိန္တာမယမျှနဲ့တော့

ကောင်းကောင်းသဘောပေါက်ဖို့ မလွယ်ပါဘူး၊ ဝိပဿနာရှုကြည့်မှ ကိုယ့်တွေ့အားဖြင့် ကောင်းကောင်းသဘောပေါက် တတ်ပါတယ်၊ ဝိပဿနာယောဂီဟာ ဥဒယဗ္ဗယဉာဏ် ရောက်တဲ့အခါ ညီမျှစေတဲ့ ဒီဥပေက္ခာရဲ့သဘောကို (ရှဥ်းစုံကောင်းတဲ့ နွားလှည်းမောင်း နေရသလိုဘဲ) ထင်ရှားတွေ့ရပါတယ်။

အမှတ်(၄) ဝီရိယုပေက္ခာဆိုတာကတော့ သမထဝိပဿနာ ဘာဝနာ အချိုးကျနေတဲ့အခါမှာ မယုတ်မလွန် ညီမျှနေတဲ့ ဝီရိယပါဘဲ၊ ဒါကလဲ ဘာဝနာအလုပ်ကို ကျကျနန အားထုတ်ဖူးတဲ့သူမှာမှ ကောင်းကောင်းထင်ရှားတတ်ပါတယ်။

အမှတ်(၅) သင်္ခါရုပေက္ခာဆိုတာကတော့ သင်္ခါရတရားတွေကို အညီအမျှရှုတဲ့ သဘောပါဘဲ။

အမှတ်(၆) ဝေဒနုပေက္ခာဆိုတာကတော့ ဝေဒနာ ၃-ပါးထဲက ဥပေက္ခာဝေဒနာပါဘဲ။

အမှတ်(၇) ဝိပဿနုပေက္ခာ ဆိုတာကတော့ ဝိပဿနာ ရှုနေတဲ့ ယောဂီမှာ အနိစ္စ ဒုက္ခ အနတ္တ သဘောတွေကို ကောင်းကောင်း မြင်ပြီးတဲ့အခါ အဲဒါတွေကို မရှူးစမ်းမဆင်ခြင်တော့ဘဲ ရုပ်နာမ်တရား တို့၏ အဖြစ်အပျက်ကို သိရုံ သိရုံကလေး အညီအမျှရှုသွားတဲ့ ဝိပဿနာဉာဏ်ပါဘဲ၊ ဒါကလဲ ဥဒယဗ္ဗယဉာဏ်ရောက်ဖူးတဲ့သူမှ ကိုယ်တွေ့အားဖြင့် ထင်ရှားသိနိုင်ပါတယ်။

အမှတ်(၈) တတြမဇ္ဈတ္တုပေက္ခာ ဆိုတာကတော့ အမှတ်(၃) တုန်းက ဟောခဲ့တဲ့ တတြမဇ္ဈတ္တတာ စေတသိက်ပါဘဲ၊ သူက ဒါန သီလ စသော ကုသိုလ်အမှုတို့ကို ကြံတိုင်း ပြောတိုင်း ပြုတိုင်း

ပါဝင်ပြီး ဖြစ်နေပါတယ်၊ ဒါပေမယ့် သာမန်ကုသိုလ်စိတ်တွေ ဖြစ်နိုက်မှာတော့ သူကမထင်ရှားဘူး၊ ထက်သန်တဲ့ ဘာဝနာကုသိုလ်စိတ် ဖြစ်နိုက်မှာမှ သူကထင်ရှားတယ်။

အမှတ်(၉) ဈာနုပေက္ခာဆိုတာကတော့ တတိယဈာန်နဲ့ယှဉ်တဲ့ တတြမဇ္ဈတ္တ တာ စေတသိတ်ပါဘဲ။

အမှတ်(၁၀) ပါရိသုဒ္ဓုပေက္ခာဆိုတာကလဲ စတုတ္ထဈာန်နဲ့ယှဉ်တဲ့ အဲဒီစေတသိက်ပါဘဲ၊ ဈာန်နဲ့ယှဉ်တဲ့ ဒီဥပေက္ခာ ၂–မျိုးကတော့ ဈာန်တွေရတဲ့သူမှ ထင်ရှားသိနိုင်မယ်၊ ဒါကြောင့် ဒါတွေကိုတော့ အကျယ်မပြောတော့ဘူး။

ယခုပြောခဲ့တဲ့ ဥပေက္ခာ ၁၀–မျိုးထဲမှာ ယနေ့ဟောရမှာကတော့ အမှတ် ၂–မှာ ပြခဲ့တဲ့ ဗြဟ္မဝိဟာရုပေက္ခာပါဘဲ၊ ဒီဥပေက္ခာရဲ့ သဘောကတော့ "သတ္တဝါတွေဟာ ကိုယ်တိုင်ပြုလုပ်ထားတဲ့ ကံအားလျော်စွာ ဖြစ်နေကြရတာဘဲ"လို့ ဘက်မလိုက်ဘဲ မျှမျှတတ နှလုံးသွင်းတဲ့ သဘောဖြစ်ကြောင်းကို ပဌမပိုင်းတုန်းက ပြောခဲ့ပါပြီ၊ ဒါကြောင့် သူ့ကိုပွားတဲ့အခါမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့လို သတ္တဝါတွေအား အကျိုးပြုတဲ့အနေနဲ့ ပွားရတာမဟုတ်ဘဲ သဗ္ဗေသတ္တာ ကမ္မဿကာလို့ ဆိုတဲ့အတိုင်း "သတ္တဝါတွေဟာ သူတို့ကိုယ်တိုင်ပြုထားတဲ့ အမှု= ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတာဘဲ၊ ကောင်းတဲ့အမှုကံကို ပြုတဲ့သူ တွေဟာ ကောင်းစားချမ်းသာကြမှာဘဲ၊ ဆိုးတဲ့အမှုကံကို ပြုတဲ့သူတွေဟာ ဆင်းရဲဒုက္ခရောက်ကြမှာဘဲ၊ သူ့ကံနှင့်သူ သူ့အမှုနှင့်သူဘဲ" လို့ ဒီလို လျစ်လျူရှုပြီး ပွားရပါတယ်။

ဒီလိုဆိုတော့ ဒီဥပေက္ခာက "ဘယ်သူသေသေ ငတေမာယင်

ပြီးရော" ဆိုတာလို သူတစ်ပါး၏ အကျိုးစီးပွား ဆောင်ရွက်တဲ့ သဘောမပါတဲ့အတွက် မကောင်းတဲ့တရား၊ စိမ်းကားတဲ့တရားဘဲလို့ တချို့က အပြစ်တင်ချင်လဲ တင်ကြပေလိမ့်မယ်၊ အမှန်ကတော့ ဒီလိုလဲ အပြစ်မတင်ထိုက်ပါဘူး၊ ဒီဥပေက္ခာက နေရာတိုင်းမှာ ပွားရတာ မဟုတ်ပါဘူး၊ အခြားနည်းနဲ့ မဖြစ်နိုင်တဲ့ သူ့နေရာမှာသာ ပွားရတဲ့ တရားဖြစ်ပါတယ်။

ဘယ်နေရာမှာလဲဆိုရင် ပထမတုန်းက ပြောခဲ့တဲ့အတိုင်း မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ဖြင့် မဆောင်ရွက်နိုင်တဲ့ နေရာမှာသာ ပွားရပါတယ်၊ ဘယ်လိုလဲဆိုယင် မေတ္တာ၊ ကရုဏာ၊ မုဒိတာကိုပွားပြီး တတိယဈာန်ကို ရပြီးဖြစ်တဲ့သူဟာ စတုတ္ထဈာန်ကို တက်ချင်ယင် ဒီဥပေက္ခာကို ပွားမှသာ တက်နိုင်ပါတယ်၊ ဒါကြောင့် သမထဈာန်လမ်းအရဆိုလျှင် ဒီနေရာမှာသာ ပွားရပါတယ်။

လောကရေးရာဘက်ကဆိုယင်တော့ တတ်နိုင်လို့ရှိယင် အခြားသူတွေရဲ့ ချမ်းသာရေးအတွက် မေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့ အစွမ်းကုန် ကူညီဆောင်ရွက်ရပါတယ်၊ ဒါပေမယ့် ဘယ်နည်းနဲ့မျှ ကူညီဆောင်ရွက်ခွင့် မရှိတော့တဲ့ အခြေအနေကျတော့ ဒီဥပေက္ခာနဲ့ဘဲ အသင့်အတင့် နှလုံးသွင်းရတယ်၊ ဒါမှစိတ်သက်သာရာ ရနိုင်ပါတယ်၊ ဥပမာ– ဆွေမျိုး မိတ်ဆွေဖြစ်တဲ့ လူတစ်ယောက် ရာဇဝတ်မှုနဲ့ အရေးယူခံနေရတယ် ဆိုပါတော့၊ အဲဒီကိစ္စမှာ တတ်နိုင်မယ်ဆိုယင် အဲဒီလူ လွတ်မြောက်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်ရပါတယ်၊ ဒါပေမယ့် တရားရုံးတော်က ပြစ်မှုထင်ရှားတယ်ဆိုပြီး အဆုံးသတ် ချုပ်ချုပ်လိုက်တဲ့အခါကျတော့ မေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့

ဆောင်ရွက်ဖို့ အခွင့်အရေးမရှိတော့ဘူး၊ သူ့ကံနှင့်သူဘဲလို့ နှလုံးသွင်းဖို့သာ ရှိတော့တယ်၊ ယခုလောလောဆယ်ဆယ်မှာ အမှုအပြစ်မရှိဘူးလို့ ထင်ရပေမယ့် သူ့မှာရှေးဘဝများက ပြုခဲ့တဲ့ မကောင်းမှုကံ ရှိနေလို့သာ ခံရတာဘဲလို့ ဒီလိုသာ နှလုံးသွင်းပြီး ဖြေရတယ်၊ ဒီလိုဖြေမှဘဲ စိတ်သက်သာရာ ရနိုင်တယ်။

ဒီနေရာမှာ သက်သေသာဓက တစ်ခုကို ထုတ်ပြချင်တယ်၊ မြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက သာဝတ္ထိပြည်မှာ မဟာကာလဆိုတဲ့ သောတာပန် ဥပါသကာတစ်ယောက် ရှိတယ်၊ အဲဒီဥပါသကာဟာ ဇေတဝန်ကျောင်းတော်မှာ ဥပုပ်စောင့်ညအိပ်ပြီး တရားနာနေရာက နံနက်စောစောထပြီး ဇေတဝန်ကျောင်းတိုက်အဝက ရေကန်မှာ မျက်နှာသစ်နေတယ်၊ အဲဒီအချိန်မှာ သူခိုးလိုက်ဖမ်းကြတဲ့ လူတစ်စုက မဟာကာလရဲ့အနီးမှာ သူခိုးကပစ်ချခဲ့တဲ့ ခိုးရာပါပစ္စည်းနှင့် တကွ တွေ့ရတဲ့အတွက် သူ့ကို သူခိုးထင်ပြီး ဝိုင်းရိုက်ကြလို့ မဟာကာလ ဥပါသကာဟာ သေဆုံးသွားရှာတယ်။

အဲဒီအခါမှာ ရဟန်းတော်များက မဟာကာလဟာ ဥပုပ်စောင့်ပြီး ကျောင်းမှာဘဲ ညအိပ်တရားနာနေတဲ့ သူတော်ကောင်းစင်စစ် ဖြစ်ပါလျက်နဲ့ သူခိုးလို့ အစွပ်ခံရ အသတ်ခံရတာဟာ မသင့်လျော်တဲ့အကြောင်း မြတ်စွာဘုရားကို လျှောက်ကြတယ်။

ဒီတော့ မြတ်စွာဘုရားက ပစ္စုပ္ပန် အခြေအနေအရ မသင့်လျော်သော်လဲ သူ၏ ရှေးကံအရဆိုလျှင်တော့ သင့်လျော်တဲ့အကြောင်း မိန့်တော်မူပါတယ်။

သင့်လျော်ပုံကတော့ ဒီလိုတဲ့၊ မဟာကာလဟာ တစ်ခုသော

ဘဝတုန်းက လမ်းခါးပြတွေပေါများတဲ့ တောတစ်ခုရဲ့အဝမှာ တောစခန်းစောင့် အရာရှိဖြစ်ခဲ့တယ်၊ အဲဒီ တောစခန်း ဖြတ်သန်း သွားလိုတဲ့ခရီးသည်ကို တစ်ဖက်မှ တစ်ဖက်အရောက် ဘေးရန် ကင်းအောင် သူကစောင့်ရှောက်ပြီး ပို့ဆောင်ပေးရတယ်၊ တစ်နေ့သော အခါမှာ လူတစ်ယောက်ဟာ ရုပ်ရည်အဆင်းလှပတဲ့ ဇနီးနှင့်တကွ လှည်းယာဉ်ကလေးစီးပြီး အဲဒီတောစခန်းကို ရောက်လာတယ်၊ တောစခန်းစောင့်က အဲဒီလူရဲ့ဇနီးချောကလေးကို လိုချင်တာနဲ့ သူ့အိမ်မှာ တစ်ညအိပ်စေပြီးတော့ နောက်တစ်ရက် ခရီးထွက်တဲ့ အခါမှာ "ပတ္တမြားပျောက်တယ်၊ မသက်ာဘူး" ဆိုပြီး အဲဒီလှည်းကို ရှာဖွေစစ်ဆေး တယ်၊ စောစောက သူ့ဟာသူ ထည့်ထားတဲ့ ပတ္တမြားကို တွေ့ရတဲ့ အခါမှာ သူက အဲဒီခရီးသည်ကို ပတ္တမြား သူခိုးလို့ စွဲချက်တင်ပြီး သတ်ခဲ့တယ်။

အဲဒီ မကောင်းမှုကံကြောင့် မဟာကာလ အလောင်းတောစခန်း စောင့်ဟာ အဲဒီဘဝက သေတဲ့အခါ အဝီစိငရဲမှာကျရောက်ပြီး ရှည်မြင့် စွာသော ကာလပတ်လုံး ငရဲဒုက္ခတွေကို အကြီးအကျယ် ခံစားခဲ့ရတယ်၊ ငရဲမှလွတ်ပြန်တော့လဲ အဲဒီကံကြွင်းကြောင့် ဘဝတစ်ရာတိုင်တိုင် ဒီပုံ ဒီနည်းဖြင့် သူခိုးလို့ အစွဲခံရပြီး အသတ်ခံခဲ့ရတယ်၊ ဒါကြောင့် ရှေးဘဝက ရက်ရက်စက်စက်ပြုခဲ့တဲ့ သူ့မကောင်းမှုကံအရဆိုလျှင်တော့ သူခိုးထင်ပြီး မဟာကာလ အသတ်ခံရတာဟာ သင့်လျော်ထိုက်တန်လှ ပါတယ်လို့ မြတ်စွာဘုရားက ရှင်းလင်းဟောကြားတော်မူပါတယ်။

ဒါဟာ အပြစ်မရှိဘဲ ခံရတယ်လို့ ထင်ရသူအတွက် သူ့ကံနဲ့

သူ့ဘဲလို့ နှလုံးသွင်းသင့်တယ်လို့ ဆိုရာမှာ သက်သေသာဓက တစ်ခုပါဘဲ၊ ဒီလိုသာဓကဝတ္ထုတွေကတော့ အများကြီးရှိပါတယ်။

ဒီလိုနေရာမှာ ယခုပြောခဲ့တဲ့အတိုင်း သူ့ကံနဲ့ သူ့ဘဲလို့ အသင့်အတင့် နှလုံးမသွင်းဘဲ မျက်မြင်လောက်သာ ကြည့်ပြီး "မည်သူ မည်ဝါတွေက မတရားလုပ်တယ်၊ မတရားနှိပ်စက်တယ်၊ အနိုင်ကျင့် တယ်" စသည်ဖြင့် အပြစ်တင်နေမယ်ဆိုယင်တော့ သူတစ်ပါးကို ပြစ်မှားတဲ့ ဒေါသအကုသိုလ်တွေလဲ ဖြစ်ပွားမယ်၊ စိတ်ထဲမှာ မခံသာတဲ့ စိတ်ဆင်းရဲတွေလဲ များစွာဖြစ်မယ်၊ သူ့ကံနဲ့သူ့ဘဲလို့ ဥပေက္ခာဖြင့် လျစ်လျူရှုလိုက်ယင်တော့ အဲဒီ အကုသိုလ်တွေ စိတ်ဆင်းရဲတွေဟာ အကုန်လုံးငြိမ်းပြီး စိတ်အေးချမ်းခြင်း သုခကို ရနိုင်ပါတယ်။

နောက်ပြီးတော့ ဒီဥပေက္ခာနဲ့ တရားမျှတစွာ နှလုံးသွင်းတာဟာ တရားသူကြီးများအကွက်ဆိုယင်လဲ အံကျကိုက်ပြီး အလွန်ပင် သင့်လျော် ပါတယ်၊ တရားသူကြီးများဟာ တရားလိုနဲ့ တရားခံ မည်သူ့ကိုမျှ ကွက်ပြီး မေတ္တာ ကရုဏာ မုဒိတာဖြင့် အခွင့်အရေးမပေးသင့်ဘူး၊ ဒီလူကို ချမ်းသာစေချင်တယ်၊ ဟိုလူကို သနားတယ်၊ ဟောဒီလူကိုတော့ ချမ်းသာမြဲ ချမ်းသာစေချင်တယ်ဆိုပြီး တစ်ဖက်သတ် အခွင့်အရေး ပေးလိုက်ယင် ဆန္ဒာဂတိနှင့် မောဟာဂတိ တစ်ခုခု ဖြစ်သွားလိမ့်မယ်၊ ဒါကြောင့် သူ့အမှုကံနဲ့ သူ့ဘဲလို့ လျစ်လျူရှုပြီး အမှုမှန်အတိုင်း တရားမျှတစွာ ဖြစ်အောင်သာ ဘက်မလိုက်ဘဲ စစ်ဆေး ဆောင်ရွက်သင့်ပါတယ်၊ ဒီလိုလဲ ဆောင်ရွက်နေကြတယ်လို့လဲ ကြားသိရပါတယ်၊ ဒါကြောင့်

ဒီဥပေက္ခာဟာ တရားတိ ရင်ရာမှာလဲ အလွန်သင့်လျော် တယ်လို့ မှတ်ယူသင့်ပါတယ်။

အမှန်စင်စစ်ကတော့ ဥပေက္ခာ ဘာဝနာဆိုတာ မေတ္တာ ကရုဏာ မုဒိတာဖြင့် တတိယဈာန်ကို ရပြီးမှ စတုတ္ထဈာန်ရဖို့ ပွားများရတဲ့တရားဖြစ်ပါတယ်၊ ဒါပေမယ့် ဥပေက္ခာကို ပွားယင် ခုနက ပြောခဲ့တဲ့အတိုင်း အပြစ်ကင်းပြီး စိတ်သက်သာရာလဲ ရနိုင် ပါတယ်၊ ပါရမီကုသိုလ်လဲ ဖြစ်ပွားနိုင်ပါတယ်၊ ဒါကြောင့် (ကရုဏာ မုဒိတာပွားပုံ ဟောတုန်းကလိုဘဲ) ဩဓိသ အနောဓိသ ဒိသာဖရဏ နည်းများဖြင့် ဥပေက္ခာကိုလဲ ပွားများလိုက်ကြဦးစို့၊ ဘုန်းကြီးက အသံထုတ် ရွတ်ဆိုပြီး ပွားများမယ်၊ တရားနာနေတဲ့ ဓမ္မမာမက ပုဂ္ဂိုလ်တွေအားလုံးကလဲ စိတ်နဲ့လိုက်ပြီး ဥပေက္ခာကို ပွားကြပါ။

အားလုံး သတ္တဝါတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။

အားလုံး အသက်ရှိသူတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။

အားလုံး ထင်ရှားဖြစ်သူတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။

အားလုံး ပုဂ္ဂိုလ်တွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။

အားလုံး ခန္ဓာကိုယ် အတ္တဘောရှိသူတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။

ဒါက အနောဓိသ ဥပေက္ခာ ၅-ပါးတဲ့။

## စတုတ္ထအကြိမ်

အားလုံး အမျိုးသမီးတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။

အားလုံး အမျိုးသားတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။

အားလုံး အရိယာပုဂ္ဂိုလ်တွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။

အားလုံး ပုထုဇဉ်တွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။

အားလုံး နတ်ဗြဟ္မာတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။

အားလုံး လူသားတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။

အားလုံး အပါယ်ဘုံသူ အပါယ်ဘုံသားတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား။

ဒါက ဩဓိသဥပေက္ခာ ၅-ပါးတဲ့၊ ခုနက ၇-ပါးနဲ့ပေါင်းလိုက်ယင် ဥပေက္ခာ ၁၂-ပါး ဖြစ်ပါတယ်။

ဒီနည်းအတိုင်းဘဲ "အရှေ့အရပ်က "အားလုံး သတ္တဝါတွေ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား" ဟူသည်ဖြင့် တူရူအရပ်က ၄-မျက်နှာ၊ အထောင့်အရပ်က ၄-မျက်နှာ၊ အောက်အရပ်က တစ်မျက်နှာ၊ အထက်အရပ်က တစ်မျက်နှာ ဆိုတဲ့ အရပ်ဆယ်မျက်နှာမှာလဲ ဥပေက္ခာ ၁၂-ပါးစီးပွားနိုင်ပါတယ်၊ အဲဒါတွေက တစ်ဆယ် ၁၂-လီဆိုတော့ ဥပေက္ခာ ၁၂၀ ဖြစ်ပါတယ်၊ အဒီ ၁၂၀-

ကတော့ အရပ်မျက်နှာနဲ့ ဖြန့်တာမို့ ဒိသာဖရဏာ ဥပေက္ခာလို့ ခေါ်တယ်၊ ပထမ ပွားခဲ့တဲ့ အနောဓိသ၊ ဩဓိသဥပေက္ခာ ၁၂-ပါးနဲ့ ပေါင်းလိုက်ယင် ဥပေက္ခာပေါင်း ၁၃၂-ပါး ဖြစ်ပါတယ်၊ အဲဒါတွေဟာ ဝိသုဒ္ဓိမဂ်ကျမ်းမှာ ပြထားတဲ့ မေတ္တာပွားပုံမှ နည်းမှီပြီးပြတဲ့ ဥပေက္ခာ ပွားပုံတွေပါဘဲ။

ဒီဥပေက္ခာ ၁၃၂-ပါး ပွားပုံတွေဟာ အမှန်စင်စစ်ကတော့ ဒီဥပေက္ခာကမ္မဋ္ဌာန်းနဲ့ စတုတ္ထဈာန်ကို ရပြီးမှ ဈာန်ကစားတဲ့ အခြင်းအရာတွေသာ ဖြစ်ပါတယ်၊ ဒါပေမယ့် "သတ္တဝါတွေ ကိုယ့်အမှုကံ သာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြတယ်"လို့ အဖန်ဖန် နှလုံးသွင်းနေယင် မကောင်းမှုကို ရှောင်ကြဉ်လိုတဲ့ စိတ်တွေလဲ ဖြစ်မယ်၊ ကောင်းမှုကို ပြုလိုကဲ့ စိတ်တွေလဲ ဖြစ်မယ်၊ ကောင်းမှုကို ပြုလိုတဲ့ စိတ်တွေလဲ ထက်သန်လာမယ်၊ ဒါကြောင့် ဈာန်မရဘဲနဲ့ ဒီဥပေက္ခာကိုပွားတာ ဟာလဲ အပြစ်ကင်းပြီး ကုသိုလ်တရား ပွားများခြင်း အကျိုးရှိပါတယ်။

နောက်ပြီးတော့ အားလုံး ကံတရားအတိုင်းဘဲလို့ နှလုံးသွင်းနေ တဲ့အတွက် မရနိုင်တဲ့ အခွင့်အရေး မျှော်လင့်တောင့်တမြင်းလဲ ကင်းမယ်၊ အဆင်မပြေတာရှိယင်လဲ ကံတရားအတိုင်းဘဲလို့ ဆင်ခြင်ပြီး စိတ်သက် သာရာရမယ်၊ နောက်ပြီးတော့ နတ် သိကြား ဗြဟ္မာ ဂိုဏ်းဆရာစသော သူတစ်ပါးကို အားမကိုးဘဲ ကြိုးပွား ချမ်းသာရန် နည်းလမ်းမှန်ဖြစ်တဲ့ အလုပ်အကိုင်ကိုသာ အားကိုး ပြီးတော့လဲ လုပ်ကိုင်မယ်၊ ဒီလို လုပ်ကိုင်တဲ့ အတွက် မျက်မှောက်မှာလဲ စီးပွားဥစ္စာတွေ ရသွားနိုင်ပါတယ်၊ ဒါကြောင့် အဘိဓာ သုတ်မှာ

မြတ်စွာဘုရားက ကိုယ့်ကိုယ်ကိုလဲ ဒီနည်းအတိုင်း ဆင်ခြင်ဖို့ ညွှန်ကြားတော်မူခဲ့ပါတယ်။

"ငါ့မှာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိတယ်၊ ကံ၏အမွေခံ ဖြစ်တယ်၊ ကံသာလျှင် ချမ်းသာဖို့ ဆင်းရဲဖို့ အကြောင်းရှိတယ်၊ ကံသာလျှင် ဆွေမျိုးအစစ်ရှိတယ်၊ ကံသာလျှင် အားကိုးရာ ရှိတယ်၊ ကောင်းမှုကံကို ပြုလျှင် ကောင်းကျိုးအမွေ ခံစံရမယ်၊ မကောင်းမှုကံကို ပြုလျှင် မကောင်းကျိုးအမွေဆိုးကို ခံစား ရမယ်လို့ အဖန်တလဲလဲ ဆင်ခြင်ပါတဲ့။"

ဒါကြောင့် ယခု မိမိကိုယ်တိုင်ပါ တစ်လောကလုံးက သတ္တဝါတွေကို အာရုံပြုပြီး ဥပေက္ခာကို ပွားလိုက်ကြဦးစို့။

တစ်လောကလုံးရှိ သတ္တဝါအားလုံးဟာ ကိုယ့်အမှုကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပါတကား၊ ဒီဥပေက္ခာကံ ပွားများခြင်းဖြင့် ကိုယ့်အမှုကံကိုသာ အားကိုးပြီး ကုသိုလ်ကံကို ပြုစုပွားများနိုင်ကြပါစေ။

စီးပွားချမ်းသာဖြစ်ကြောင်း အလုပ်အကိုင်တို့ကိုလဲ ကြိုးစား အားထုတ် ပြုလုပ်နိုင်ကြပါစေ။

ထိုသို့ ပြုလုပ်နိုင်ခြင်းကြောင့် မျက်မှောက်သံသရာနှစ်ဖြာလုံး၌ အလိုရှိအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြပါစေ။

သာဓု .... သာဓု .... သာဓု .... ။

စတုတ္ထပိုင်း ပြီး၏။

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏

ဗြဟ္မစိုရ်တရားတော်ကြီး ပြီး၏။

၂၅၇၄၉
သုတေသနစာကြည့်တိုက်
ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာ့ဧအေး၊ ရန်ကုန်။

ဗြဟ္မစိုရ်တရားတော်ကြီး

# ဗြဟ္မစိုရ်တရား

၁။ ဗြဟ္မစိုရ်တရားဆိုတာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဒီတရားလေးပါးပါဘဲ။

၂။ မေတ္တာဆိုတာ သူများတွေလဲ ကိုယ်လိုဘဲ ချမ်းသာချင်ကြပေလိမ့်မယ်လို့ ကိုယ်ချင်းစာပြီးတော့ သူတစ်ပါးတွေကို ချမ်းသာစေလိုတဲ့ သဘောပါဘဲ။

၃။ ကရုဏာဆိုတာ ကိုယ့်အောက်ကလူတွေ ဒုက္ခရောက်နေရှာကြတဲ့ သူတွေကို ကိုယ်ချင်းစာတရားနဲ့ သနားကြင်နာတဲ့သဘောပါဘဲ။

၄။ မုဒိတာဆိုတာ ကိုယ့်အထက်ကလူတွေ ကိုယ့်ထက်ပြည့်စုံချမ်းသာတဲ့ သူတွေကို ချမ်းသာမြဲ ချမ်းသာကြပါစေလို့ ဝမ်းမြောက်ကြည်သာစွာ နှလုံးသွင်းတဲ့ သဘောပါဘဲ။

၅။ ဥပေက္ခာဆိုတာ သတ္တဝါတွေဟာ မိမိတို့ကိုယ်တိုင်ပြုလုပ်ထားတဲ့ အမှုကံအားလျော်စွာ ဖြစ်နေကြရတာဘဲလို့ ဘက်မလိုက်ဘဲ မျှမျှတတ နှလုံးသွင်းတဲ့ သဘောပါဘဲ။

စတုတ္ထအကြိမ်

ဓမ္မဒေသနာဆောင်ပုဒ်

၁။ အကုသိုလ်များ၊ ရှောင်ရှားပယ်လေ
၂။ ကုသိုလ်တရား ဖြစ်ပွားစုံစေ၊
၃။ မိမိစိတ်ဓာတ်၊ ဆွတ်ဆွတ်ဖြူစေ၊
၄။ ဤသုံးပါး၊ ဘုရားဆုံးမပေ။

J0